ဘဝကိုလည်း သူ ကွင်းကွင်းကွက်ကွက် ရိပ်မိသွားသည်။

မောင်မြတ်ထွန်း အတန်ကြာအောင်ပင် တွေဝေစဉ်းစားနေသည်။ ပြီးတော့မှ ကိုယ်ကို ငဲ့ကိုင်း၍ သူ့ခြေရင်းဘက်တွင် ထိုင်နေသည့် ညီမငယ်၏ပခုံးကို ကြင်နာစွာ ဆုပ်ကိုင်သည်။

"ဒီမှာ ... သစ္စာ၊ မယ်မယ်ကြီးများ သေလို့ရှိရင်လေ၊ မြတ်သာတို့လင်မယားနဲ့ မနေနဲ့သိလား။ နင့်ကို ငါ တစ်သက်လုံး ကျွေးထားမယ်"

"ကိုကို ဘာပြောတာလဲ"

"ထားပါ။ နင် နားမလည်ပါဘူး"

မောင်မြတ်ထွန်းက မီးငြိမ်းနေသော ဆေးပေါ့လိပ်ကို ကုလားထိုင်လက်ရမ်းပေါ် တင်သည်။

"အေးအေးသာ နေပါကွာ၊ နင့်ကိစ္စ ငါမသွားခင် ဖြတ်ပေးခဲ့ပါမယ်၊ ဒီအိမ်မှာ ဘယ်သူမှ ငါနဲ့ ထိပ်တိုက်မလုပ်ရဲပါဘူး"

မသစ္စာ အနည်းငယ် ထင့်ခနဲဖြစ်မိသော်လည်း မောင်မြတ်ထွန်းပြောတာ အမှန်ပဲဆိုသည်ကို သိနေ၍ အားရှသွားသည်။

လရောင်အောက်တွင် မောင်နှမနှစ်ဦးတိတ်ဆိတ်စွာ ဆက်ထိုင်နေကြလေသည်။

(၅)

"ဟော့ကောင် ... မြတ်သာ၊ မင်းက ငါတို့နှမကို ထွန်းရှိန်နဲ့ ပေးစားမလို့ဆို"

မောင်မြတ်သာ ဧည့်ခန်းထဲဝင်လာ၍ ထိုင်ပင် မထိုင်ရသေး၊ မောင်မြတ်ထွန်းက လေ့ကားပေါ်မှ ဆင်းလာရင်း လှမ်းမေးလိုက်သည်။

မတွေ့ရတာကြာပြီဖြစ်သော ညီငယ်ကို ဝမ်းသာအယ်လဲ နှုတ်ဆက်မည်ကြံကာ ရှိသေးသည်၊ မာရေကျောရေမေးလိုက်သော စကားကြောင့် အစ်ကိုဖြစ်သူ့ရင်ထဲတွင် ထောင်းခနဲထသွားသည်၊ ပက်ခနဲ ပြန်ပြောလိုက်ချင်သော်လည်း ဧည့်ခန်းထဲတွင်ရှိနေကြသော ဒေါ်ခင်ခင်ထား၊ ထားထားဦးနှင့် မသစ္စာတို့ကို ဝေ့ကြည့်ရင်း စိတ်ထိန်းဖြစ်လိုက်သည်။

မသစ္စာကတော့ မောင်မြတ်သာ ရောက်ရောက်ချင်း ဆောက်နင့်ထွင်းသလို ဖြစ်နေသည့် မောင်မြတ်ထွန်း၏စကားကြောင့် အတော်အနေရ ခက်သွားသည်၊ သည်ကြားထဲ ထားထားဦး၏ မျက်လုံးတစ်ချက်ဝေ့ကြည့်တာကိုလည်း ခံလိုက်ရ သေးသည်။

သောက်ရမှာ မဟုတ်ဘူး"

"ဘာသင်တန်းလဲ"

"လေထီး"

မနက်စာစားပြီးတော့ ရွှေစာရံဘုရားဘက် လမ်းလျှောက်သည်။ ခေါင်းထဲမှာ နောက်ကျိနေတာတွေ ပြေလိုပြေငြားဖြစ်သည်။

ဘုရားရှေ့ရောက်တော့လည်း ရောက်မှတော့ ဝင်ဖူးဦးမှပဲ စိတ်ကူး၍ ဘုရားရင်ပြင်တော်ပေါ် တက်ခဲ့သည်။

ကြာသပတေးထောင့်တွင် ရှိခိုးမည်ဟု စိတ်ကူး၍ ဘုရားကို လက်ယာရစ်ပတ်သည်။

"ဂြိုဟ်ကိုရှိခိုးတာ မဟုတ်ဘူး၊ ဘုရားကိုရှိခိုးတာ၊ ထောင့်ရွေးနေတာ ဗုဒ္ဓဘာသာ မစစ်ရာကျတယ် ကိုကိုရဲ့"

မသစ္စာ၏ စကားကို ကြားယောင်မိသေးသည်။

သူပြောတာ ဟုတ်မည်ထင်သည်။ မသစ္စာက ဘာသာရေးစာပေ အလွန်ဖတ်သူ တစ်ဦးဖြစ်သည်။ ဆရာပါရဂူ၏ "ဗုဒ္ဓစကား" စာအုပ်ဆိုလျှင် ကျောင်းသွားတိုင်းယူသွားသည့် ကြိမ်ခြင်းကလေးထဲမှာတောင် အမြဲပါသည်။

မောင်မြတ်သာနှင့် မိဘတွေကတော့ ကိုယ့်မွေးနေ့ထောင့် ကိုယ်ရွေးကန်တော့ ကြသူများဖြစ်၍ ဗိုလ်မြတ်ထွန်းက မိဘတွေနှင့်လာလျှင် ကြာသပတေးထောင့်မှာကန်တော့ သည်။ မသစ္စာနှင့်လာလျှင် ကြုံရာက ကန်တော့သည်။

သည်နေ့တော့ တစ်ယောက်တည်းယောင်ချာချာနှင့် ဘုရားကို တစ်ပတ် ပတ်ကြည့်ချင်စိတ်ကြောင့် ကြာသပတေးထောင့်ဘက် လျှောက်ခဲ့ခြင်းဖြစ်သည်။

လျှောက်ခဲ့မိတော့လည်း တစ်ညလုံး အိပ်မရအောင်လုပ်ခဲ့သည့် မိန်းမလှကလေးနှင့်မှ တည့်တည့်တိုးလေသည်။

"ဪ ... မွန်မွန်ဦးပါလား"

"ဟုတ်ကဲ့ရှင့်"

ဘယ်လိုခေါ်ရမလဲ၊ ကိုမြတ်ထွန်းလို့ ခေါ်ရမလား။ ရိုင်းမယ် ထင်တယ်။ ငါးနှစ် တောင်ကြီးတာ။ ဗိုလ်ကြီး အို ... မဟုတ်သေးပါဘူး။ မွန်မွန်ဦးရင်ထဲတွင် အတွေးတို့ ဗလောင်ဆူနေသည်။

"ဘုရားပန်းတွေနဲ့ပါလား"

"ဟုတ်ကဲ့၊ မွေးနေ့တိုင်း ကပ်ဖြစ်လို့ပါ ရှင့်"

"လုပ်လေ ...လုပ်ပါ။ တို့နဲ့တွေ့လို့ အနှောင့်အယှက်ဖြစ်သွားပြီထင်တယ်"

"ရှင် ... အို ... မဟုတ်တာ"
မွန်မွန်ဦး ခဏ ရှိတ်ုရှုတ်ု ဖြစ်သွားသည်။
"ဟုတ်ကဲ့ ... ဟို ..."
"ပြောလေ"
"အစ်ကို ခဏလေးစောင့်ပါလား၊ မွန် မွန် ဘုရားပန်းကပ်လိုက်ဦးမယ်လေ"
မြတ်စွာဘုရား။
ဘယ်လိုလုပ် သည်ပါးစပ်က အဲသလို ထွက်သွားရတာတဲ့လဲ၊ အပျိုလေးလေး၊ ယောကျ်ားကလေး သူစိမ်းတစ်ယောက်ကို စောင့်ခိုင်းစရာတဲ့လား။
"ကြာသပတေးထောင့်မှာ ကပ်မှာလား"
"ဟုတ်ကဲ့"
"တို့လည်းကြာသပတေးပဲ၊အနှောင့်အယှက်မဖြစ်ဘူးဆိုရင်တော့လိုက်ခဲ့မယ်လေ"
"ရှင် ... ဟုတ်"
သထုံလို နေရာမျိုးတွင် ယောကျ်ားလေးတစ်ယောက်နှင့် လမ်းတွဲလျှောက်လိုက်မိပါက တစ်မြို့လုံး သတင်းပျံ့သွားနိုင်သည်ကို မွန်မွန်ဦးသိ၏။ တခြားမိန်းကလေးနှင့် တလျှင် သူက ပိုပျံ့နှံ့ဦးမည်ဆိုတာကိုလည်း သိ၏။ ထို့ထက်ပို၍ကား ဗိုလ်မြတ်ထွန်းလို လူမျိုးနှင့် တွဲလျှောက်မိလျှင် သာ၍ပင် ဆိုးတော့မည်။
သိလျက်နှင့် ဂရုမစိုက်ဖြစ်ခဲ့။
ခြေဖျားလက်ဖျားများ အေးစက်နေ၍ ပြင်းထန်စွာ ရင်ခုန်မောပန်းနေသောခံစားမှု တစ်ရပ်က အသိဉာဏ်အားလုံးကို မျက်ကွယ်ပြုလိုက်သည်။ ထို့ကြောင့် ဗိုလ်မြတ်ထွန်းက အိမ်အထိ လမ်းလျှောက်လိုက်ခဲ့မည်ဆိုတာကို ခွင့်ပြုလိုက်မိလေသည်။
မွန်မွန်ဦးက စက်ဘီးယူလာသဖြင့် စက်ဘီးကို ကိုင်တွန်းလာခဲ့ရသည်ကို ဗိုလ်မြတ်ထွန်းက အားနာနေသည်။ တွန်းပေးမည်ပြောတော့လည်း လက်မခံ၊ ရပါတယ် အစ်ကိုရဲ့၊ နီးနီးကလေးပါ ... ဟု ပြုံးချိုစွာ ဖြေလိုက်သော မျက်နှာကလေးကိုတော့ ခေတ္တမျှ မင်သက်ငေးမောမိလိုက်သေးသည်။
"မွန်မွန်ဦးက မော်လမြိုင်မှာ တက္ကသိုလ်တက်ရမှာလား"
"ရန်ကုန်လျှောက်ထားတယ် အစ်ကို၊ ရမလားတော့ မသိဘူး၊ ကျောက်မြောင်းမှာက သွားနေလို့ရတဲ့ အဒေါ်အရင်းတစ်ယောက်ရှိနေလို့လေ"
ဗိုလ်မြတ်ထွန်း ကျောက်မြောင်းလိပ်စာကို မေး၍မှတ်ထားလိုက်သည်။ သူမှော်ဘီ လေ့ထိုးသင်တန်းမှ စနေ၊ တနင်္ဂနွေ ရန်ကုန်ပြန်တိုင်း သွားတွေ့နိုင်သည် မဟုတ်ပါလား။

"ငါးရစ်ရယ်၊ မင်းနဲ့တောင် မတန်ဘူး၊ ကောင်မလေး လင်ရကံဆိုးရှာတယ်"

(၁၃)

အဲသည်နောက် တစ်ခေါက် ရှေ့တန်းထွက်ခဲ့ချိန်မှာ ဗိုလ်မြတ်ထွန်း စစ်မြေပြင်ထောက်လှမ်းရေးသင်တန်းတက်ရန် နောက်တန်းပြန်ရဖို့ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဗိုလ်ကြီးကျော်ကျော်စိုးကို နှုတ်ဆက်၍တပ်ခွဲကုန်းမှ ဆင်းလာခဲ့ပြီး တပ်ရင်းမှူးရှိရာ စစ်ကြောင်းရုံးကုန်းသို့ ရောက်၍ တပ်ရင်းမှူးနှင့် စ စကားပြောရရုံရှိသေးသည်၊ တပ်ခွဲကုန်းဘက်မှ ပေါက်ကွဲသံများ စတင်ထွက်ပေါ်လာလေသည်၊

"ဟော့ အသံကင်း၊ အဲဒါ ဘယ်ဘက်ကလဲ"

"ဗိုလ်ကြီးကျော်ကျော်စိုးကုန်းဘက်က အဘ"

"စက်ဖွင့်နိုင်းစမ်း"

ဗိုလ်ကြီးကျော်ကျော်စိုးကိုယ်တိုင် စကားပြောစက်ပေါ်တက်လာသည်၊ ဗိုလ်ကြီးကျော်ကျော်စိုး၏ ခွဲရုံးရှိရာ ပို့င့်ကုန်းသို့ အနီးရှိ တောင်ကုန်းတစ်ခုမှ လက်နက်ကြီးအလုံးပေါင်းများစွာ ဆက်တိုက်ပစ်သွင်းနေ၍တပ်ခွဲတစ်ခုလုံးခေါင်းမဖော်နိုင်လောက်အောင်ဖြစ်နေကြောင်း သိရသည်၊

"တောက် ... တော်တော်ပေါ့တဲ့ ကောင်တွေ၊ အဲဒီနေရာကို ရှင်းမထားဘူး"

တပ်ရင်းမှူး ဒေါပွနေသဖြင့် ဗိုလ်မြတ်ထွန်းလည်း ငြိမ်နေရသည်၊ မိမိတပ်ခွဲဖြစ်နေတာဖြစ်သဖြင့် မိမိက ပြန်ရတော့မည်ဖြစ်သော်လည်း အပြစ်မကင်းသလို ခံစားနေရသည်၊

အရေးထဲတွင် လှုပ်ရှားတပ်စုက မရှိ၊ ကင်းပုန်းဝပ်ရန် တစ်နေရာသို့ လွှတ်ထားပြီးဖြစ်နေသည်။

"အဲဒီနေရာကို ခင်ဗျား အကြီးတွေနဲ့ လှမ်းပစ်ပေးလို့ရမလား"

အမြောက်တပ်မှ တွဲဖက်ထားသော အရာရှိကို တပ်ရင်းမှူးက မေးသည်။

"သိပ်မလွယ်ဘူး ... ဗိုလ်မှူးကြီး၊ သူက နယ်စပ်မျဉ်းနားမှာ ဖြစ်နေတော့ တစ်ဖက်နိုင်ငံထဲကို ကျချင်ကျနိုင်တယ်"

"အဲယားဘတ်စ် (Air Burst)နဲ့ ဆိုရင်ကော"

"ဒါလည်း ကျနိုင်တာပဲ၊ ဗိုလ်မှူးကြီး အမိန့်ပေးရင်တော့ ကျွန်တော် ကြိုးစားကြည့်ပေးပါ့မယ်"

"အေးဗျာ၊ ခဏနေပါဦး၊ အရေးထဲမှာ လှုပ်ရှားတပ်စုက မရှိဘူး၊ ဟိုကောင်တွေ

တိုင်ကလေးများထိပ်တွင် စွပ်ထားသော စည်သွပ်ဘူးခွံများတွင်ပင် သံချေးမတွေ့ရ။ အသစ်လဲထားဟန်တူသည်။ စည်းရိုးအပြင်ဘက်က မြေကို ရှင်းထားသည်မှာလည်း ဘာချုံနွယ်ပိတ်ပေါင်းမှမရှိ။ စံပြ "သတ်ကွင်း"တစ်ခုဖြစ်နေသည်။

"မြတ်ထွန်း၊ မင်း မိုင်းတွေ သေသေချာချာ လွှဲယူခဲ့ရဲ့လား"

"ဟုတ်ကဲ့"

"ပြစမ်း၊ ငါ့ကို"

တပ်စုမှူးကလေးတစ်ဦးကို မျက်ရိပ်ပြလိုက်ရာ တပ်စုမှူးကလေးက ဝါးလုံးရှည်တစ်ချောင်းဖြင့် မိုင်းမြှုပ်ထားရာ နေရာများကို တစ်လုံးချင်း ထောက်ပြသည်။

"မင်းတို့ သေချာတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အဟောင်းတွေကို ရှင်းပြီး ဖော်ပစ်လိုက်ပါတယ်။ ပြီးမှ အသစ်ပြန်မြှုပ်ထားတာပါ"

"ဟေ ... ဘာလို့"

"မိုးဝင်တော့မယ် တပ်မှူး။ မိုးရွာလို့ အပင်ပေါက်ကလေးတွေ ရှည်ထွက်လာရင် မိုင်းနဲ့ငြိပြီး ထကွဲနိုင်တဲ့နေရာကလေးတွေ တွေ့နေရတယ်။ ဒါကြောင့် ဘီအီးရဲဘော်ကို မိုင်းတွေ ပြန်ဖော်ခိုင်း၊ မြေကိုပြန်စုတ် ရှင်းပြီးမှ ပြန်မြှုပ်ထားတာပါ။ ဒီတော့ ကျွန်တော်တို့ မြေပုံက သေချာပါတယ်"

တပ်ရင်းမှူး သဘောကျသွားသည်။

ကတုတ်ကျင်းများထဲတွင်လည်း မြက်ပင်များ မတွေ့ရ။

ပုံးခိုကျင်း အသစ်များကိုလည်း တွေ့ရသည်။

"မင်း အိုဗာဟက်တွေ ထပ်လုပ်ထားတာလား"

"ဟုတ်ကဲ့။ ရိက္ခာထည့်တာပါ"

"ခါတိုင်း မြေပေါ်တဲနဲ့ပဲထားတာ မဟုတ်လား"

"ဟုတ်ကဲ့။ ဒီပို့င်က သိပ်မြင့်တော့ လက်နက်ကြီးတည့်တည့်ကျဖို့ မလွယ်ဘူးဆိုပြီး ခဲယမ်းလောက်ပဲ အိုဗာဟက်နဲ့ထား ခဲ့ကြတာ။ ဟိုတစ်ခါ လာပစ်တုန်းကတည့်တည့် ချည်းပဲ ကျတာတွေ့တော့ ရိက္ခာတွေလောင်ကုန်ရင် ရေရှည်ခံဖို့ ကျခက်မှာစိုးလို့ ကျွန်တော် ရိက္ခာပါ အိုဗာဟက်အောက်ထဲ ထည့်လိုက်တယ်"

"အေး ... ကောင်းတယ်"

ကုန်းထိပ်ရောက်သောအခါတွင် မြေ ရှင်းသစ်ပင်စိုက်နေသော ရဲဘော်များကို တွေ့ရပြန် သည်။

"မင်း ဘာတွေစိုက်နေတာလဲ"

"သဘော်ပင်ပါ တပ်မှူး"

"မြေမမာဘူးလားကွ"

"မာတယ်တပ်မှူး။ အခုက ကျွန်တော်က မြေကိုကျင်းတူးပြီးမှ အောက်ကနန်းမြေကို သယ်ထည့်ပြီး စိုက်တာ"

"ကောင်းကွာ၊ မင်းတပည့်လုပ်ရတဲ့ ကောင်တွေ မလွယ်ပါလား မြတ်ထွန်းရာ"

"သိပ်ငြိမ်ငြိမ်နေရင် အဖျားအနာထူတယ် တပ်မှူး။ အခု ဒီကောင်တွေ လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ဆိုတော့ တစ်ယောက်မှ မဖျားကြဘူး"

တပ်ခွဲရုံးတဲကလေးထဲ ဝင်လာကြတော့ ကျည်ဆံတိုက်နေသည့် ရဲဘော်တချို့ကို တွေ့ရပြန်သည်။

"ဒါတိုင်းအရန် ကျည်တွေလားကွ"

"ဟုတ်ကဲ့"

"ဘာထုတ်လုပ်နေတာလဲ"

"ကြေးညှိတွေတက်နေလို့ တပ်မှူး။ အရေးအကြောင်းကျမှပစ်ရင် အသွားမှာ စိုးလို့ တစ်နေ့ နည်းနည်းစီ ထုတ်တိုက်ခိုင်းထားတာ""

တပ်ရင်းမှူးက အားပါးတရ ပြုံးသည်။

"တိုက်ရဲရုံနဲ့ စစ်သားကောင်း မဖြစ်နိုင်ဘူး၊ ကြိုတင်မျှော်မြင် ပြင်ဆင်တတ်ရတယ်။ အဲဒီပညာကို ဗိုလ်သင်တန်းကျောင်းက သင်ပေးလိုက်တယ်။ တချို့အရာရှိကလေးတွေက အဲဒါတွေကို ရှေ့တန်းမှာ လက်တွေ့အသုံးမချဘဲ ဝါရင့်အကြပ်ကြီးတွေပြောတာပဲ လိုက်လုပ်ကြတာရှိတယ်။ တချို့ကျတော့လည်း စာတွေ့ကိုပဲ အမိကထားပြီး အတွေ့အကြုံရင့်အကြပ်ကြီးတွေပြောတာ လက်မခံကြတော့ပြန်ဘူး။ အမှန်ကတော့ အသက်နဲ့ ရင်းပြီး အလုပ်လုပ်ကြ ရတာ။ ပညာကို ဘယ်ကမဆိုရအောင်ယူ၊ ကြိုတင်တွက်ချက်ပြင်ဆင်၊ နဖူးတွေဒူးတွေ ကြုံရင်လည်းချရဲရမယ်၊ အဲဒါငါ့တပည့်တွေကိုပြောနေကျစကား။ မင်းတော့ ငါ စိတ်ချပါပြီ မြတ်ထွန်းရယ်"

(၁၆)

မသစ္စာဆီကိုဗိုလ်မြတ်ထွန်းစာရေးလေ့ရေးထမရှိ။ မွန်မွန်ဦးတစ်ယောက်ကတော့ မှန်မှန်ရေးရှာသည်။ တစ်ညနေ မသစ္စာ ကျောင်းမှပြန်အလာတွင် မှတ်မိနေပြီဖြစ်သော မွန်မွန်ဦး၏ လက်ရေးနှင့် စာတစ်စောင် ရောက်နေသည်။

"မမရေ ...

မွန်မွန် သတိရစွာ စာရေးလိုက်ပါတယ်။ မယ်မယ်ကြီးရော နေကောင်းရဲ့လား။

အခုတစ်ခေါက် ကိုကို ရှေ့တန်းထွက်ရင် မွန်မွန် သထုံမှာ ကြာကြာလာနေဖြစ်မယ် မမရေ။ အကြောင်းက ရှိနေတယ်။

မမတော့ တူလား၊ တူမလားမသိဘူး ရတော့မယ်။ ကိုကိုက မမကို ပြောလိုက်ဦးတဲ့။ မွန်မွန်က နောက်မှပြောမလို့ (ရှက်လို့)၊ နောက်ပြီးတော့ ...ကိုကိုက သူ ရှေ့တန်းသွားရင် သထုံမှာ မမနဲ့သွားနေချည်ဦးတဲ့။ နောက်တန်းမှာ တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူးတဲ့။ သထုံမှာပဲ အပ်ပြီးမွေးတာကောင်းမယ်တဲ့။ မမလည်း ရှိတယ်၊ ဖေဖေတို့ မေမေတို့လည်းရှိတယ်ပေါ့ မမရယ်။ ပြီးတော့ ကိုကိုက ဖေဖေတို့ မေမေတို့ ဆီမှာလည်း ပြန်မနေနဲ့၊ မမနဲ့ပဲနေတဲ့။ ကိုကိုက မမကို သိပ်အားကိုးတာပဲနော်။

ဪ ...တစ်ခုပြောရဦးမယ်။ ကိုကိုလည်း ဗိုလ်ကြီးဖြစ်သွားပြီ။ အဲဒါ သထုံက သူ့ဆရာ ဗိုလ်မှူးမျိုးဇော်က သထုံတပ်မကို ခေါ်ပေးမယ်လို့ ပြောနေတယ်။ အဆင်ပြေမလားမသိဘူး၊ အဆင်ပြေရင်တော့ မွန်မွန်တို့နဲ့ မမတို့နဲ့ အတူတူနေရမှာ။

ကိုကိုလည်း အရမ်းကို လိမ္မာနေတယ် မမရဲ့၊ (ကန်တော့နော်) မွန်မွန့်ကိုလည်း သိပ်ဂရုစိုက်တာပဲ။ မွန်မွန်တော့ ကိုကိုနဲ့ ဆုံစည်းခွင့်ရခဲ့တဲ့အတွက် ကံတရားအပြင် မမကိုပါ သိပ်ကျေးဇူးတင်တာပဲ။

တော်ဦးမယ်နော်၊ မမတို့တစ်အိမ်သားလုံး ကျန်းမာကြပါစေ။

ညီမလေး

မွန်မွန်"

(၁၇)

ဗိုလ်ကြီးမြတ်ထွန်း အလွန်ဂရုစိုက်ပါ သည်ဟုဆိုသော ဗိုလ်ကြီးမြတ်ထွန်း ကတော်ကလေးကို မသစ္စာကပို၍ပင် ဂရုစိုက်ပါသေး၏။ မိုးလင်းက မိုးချုပ် အရိပ်တကြည့်ကြည့်နှင့် လူမမာတစ်ယောက်လို ပြုစုနေသော မသစ္စာကြောင့် မွန်မွန်ဦးခမျာ အားနာအနေခက်လျက်ပင် ရှိလေသည်။

ကိုယ်ဝန်ကိုတော့ သထုံမှ ဆရာဝန်မတစ်ဦးနှင့် အပ်၍ပေးသည်။

အိမ်တွင် ဘာမှအလုပ်မယ်မယ်ရရမရှိဘဲ ထိုင်နေရသည်မှာ ငြီးငွေ့လာသောကြောင့် မွန်မွန်ဦးက တောက်တိုမယ်ရ ကူညီလုပ်ပြန်တော့လည်း မသစ္စာက လက်မခံ။ အိမ်ဖော်များကိုပင် သူမရှိခိုက် မွန်မွန်ဦး အိမ်အလုပ်တွေ မလုပ်စေဖို့ မှာခဲ့သေး၏။

လေလေ ဖြစ်နေသည်။ အဘိုး၊ အဘွား နှစ်ဖက်စလုံးရော အဘွား ဒေါ်ခင်ခင်ထားပါ ချစ်၍ မဝနိုင်ကြ။

သူတို့ထက်ကဲ၍ကလေးကိုချစ်ရသူကတော့ သူ့အမေ နေမကောင်းတိုင်းကလေးကို ပြုစုပေးနေရသည့် မသစ္စာပင်။

ကလေးကလည်း အခါမလည်ခင်ကတည်းက မသစ္စာကို "တီတီ" "တီတီ"နှင့် မျက်စိအောက်က အပျောက်မခံချေ။

သူရိန်ထွန်းကလေး၏တစ်နှစ်မြောက် မွေးနေ့ပွဲ အပြီးမှာတော့ ဒေါ်ခင်ခင်ထားက တစ်အိမ်လုံးကို ခေါ်သည်။

"ငါလည်း အသက်ကြီးပြီ၊ နေရတုန်းကလေးမှာ အားလုံးကိုစိတ်ချရအောင် စီစဉ်ပေးခဲ့ချင်တယ်။ မြတ်သာရဲ့သစ်စက်က အခု တော်တော်အောင်မြင်နေပြီဆိုတော့ မင်းတို့လင်မယားနာမည်နဲ့ ငါအပြီးလွှဲပေးလိုက်မယ်။ သစ်စက်နှင့် တွဲထားတဲ့ နှစ်ထပ် အိမ်ကိုပါယူလိုက်ကြ။ မင်းတို့အဖေနဲ့အမေကိုလည်း မင်းတို့ပဲ ခေါ်ထားပြီး တာဝန်ယူ လိုက်ကြတော့။ ဒီအိမ်နဲ့ ဒူးရင်းခြံကို မြတ်ထွန်းနဲ့ မသစ္စာနာမည်နဲ့ ငါ လွှဲပေးခဲ့မယ်။ မသစ္စာ အိမ်ထောင်မပြုမချင်း မြတ်ထွန်းက မင်းညီမကို စောင့်ရှောက်။ အိမ်ထောင်ပြု ရင်လည်း သင့်လျော်တဲ့လူဖြစ်အောင် မင်းကလမ်းညွှန်ပြီးတော့ ဒီအိမ်ကြီးကို မင်းတို့ တစ်သက်မှာတော့ မောင်နှမနှစ်ယောက်အတူ နှစ်အိမ်ထောင်နေကြပေတော့ကွယ်။ ရောင်းမပစ်လိုက်ပါနဲ့"

အားလုံးက သဘောတူကြသည်။

ထိုနေ့မှစ၍ သုံးလပြည့်သောအခါ ဒေါ်ခင်ခင်ထား ဆုံးပါးသွားလေသည်။

(၂၅)

ဒေါ်ခင်ခင်ထား ဆုံးပါးပြီးနောက် ထားထားဦးမှာလည်း ကိုယ်ဝန်ရှိလာသဖြင့် မောင်မြတ်သာနှင့် ထားထားဦးရော၊ မိဘ နှစ်ပါးစလုံးပါ သစ်စက်ဝင်းထဲက အိမ်တွင် သွားနေကြသဖြင့် သထုံ အိမ်ကြီးတွင် ဗိုလ်ကြီးမြတ်ထွန်း၊ မွန်မွန်ဦး၊ မသစ္စာ၊ မောင်သူရိန်ထွန်းကလေးတို့နှင့် အိမ်ဖော် မိန်းကလေးသုံးဦးသာ ကျန်ခဲ့တော့သည်။

ဗိုလ်ကြီးမြတ်ထွန်းက တပ်မှ ဒဏ်ရာရ၍ အနားယူလိုက်ရသော သူ့တပည့် တပ်ကြပ်ကြီးတစ်ဦးကို ဒူးရင်းခြံမှာ မန်နေဂျာ ခန့်ပေးထားသဖြင့် မသစ္စာ အနည်းငယ် ပေါ့ပါးသွားသည်။

မောင်နှမ နှစ်ဦးနှင့် မွန်မွန်တို့သားအမိ လသာဆောင်ကလေးမှာထိုင်စကားပြော

နေရသည့်အချိန်များ၊ မြသပိတ်ဘုရားလမ်းတစ်လျှောက်လမ်းလျှောက်ထွက်ရသည့်အချိန်များမှာ ပျော်ရွှင်ကြည်နူးဖွယ်ရာ အမှတ်တရများ ဖြစ်လာကြသည်။ မောင်သူရိန်ထွန်းကလေးကလည်း အရွယ်ရောက်လာလေလေ တွတ်တီးတွတ်တာတွေ ပြောပြီး ချစ်စရာကောင်းလာလေလေ။

သာယာနေသော သူတို့ဘဝကလေးတွင် မွန်မွန်ဦး၏ကျန်းမာရေးအရိပ်မည်းကြီးသာ မိုးမနေခဲ့လျှင် တော်တော်ကို ပျော်စရာကောင်းနေမည်မှာ အမှန်။

ထိုအရိပ်မည်းကြီးကြီးထွားလာသည့် အချိန်သည်ကား မောင်သူရိန်ထွန်းကလေး အပြင်းဖျားသည်မှ စခဲ့လေသည်။

"ရိုးရိုး အအေးမိဖျားတာပါ ... မွန်မွန်ရယ်၊ စိတ်ပူစရာ မရှိပါဘူး"

ဆရာဝန်မကလေးက ဖျောင်းဖျသော် လည်း မွန်မွန်ဦးက စိုးရိမ်မှုက လျော့ကျမသွားခဲ့ပါ။

ဆရာဝန်မကလေးပြန်သွားပြီးနောက် သားကလေး၏နဖူးကိုရေဖတ်ဝတ်ကလေးနှင့် သုတ်ပေးနေရင်းက နှုတ်ခမ်းဖျားတို့ တဆတ်ဆတ်တုန်လျက် မျက်ရည်ပေါက်ပေါက်ကျရှာသည်။

"ကိုကိုရယ်၊ မွန်မွန့်ရောဂါများ သားလေးမှာ ပါလာရော့လား"

"ဟာ ... မဟုတ်တာကွယ်"

မွန်မွန်ဦးကို ...မဟုတ်တာကွယ် ...ဟု စိတ်ချမ်းသာအောင် ပြောလိုက်သော်လည်း ဗိုလ်ကြီးမြတ်ထွန်း စိတ်ထဲတွင်ထင့်ခနဲ ဖြစ်သွားသည်။

မွန်မွန်ဦး ကွယ်ရာကျမှ မသစ္စာနှင့် တိုင်ပင်ရသည်။

"မဖြစ်နိုင်ဘူး ကိုကိုရဲ့၊ ပါရဂူကြီး ရှင်းပြတုန်းက မွန်မွန့်ရောဂါက မျိုးရိုးလိုက်တဲ့ ရောဂါမျိုး မဟုတ်ဘူးတဲ့။ ငယ်ငယ်က အူရောင်ငန်းဖျားဖြစ်တုန်းက ဆေးအပြင်းတွေ အကြာကြီး သောက်ရတာနဲ့ ဆိုင်နိုင်တယ်တဲ့။ သားက ဘယ်လိုလုပ် ဖြစ်မှာတဲ့လဲ"

ဗိုလ်ကြီးမြတ်ထွန်း သည်တော့မှ သက်ပြင်းချနိုင်တော့သည်။

မွန်မွန်ဦးကတော့ သူ့သိပ်ချစ်ရသော သားကလေးကို နေ့မအိပ် ညမအိပ် ပြုစုနေ သဖြင့် မိမိကျန်းမာရေးကိုလည်း ငဲ့ရန် ဗိုလ် ကြီးမြတ်ထွန်းနှင့် မသစ္စာတို့ ဝိုင်း၍ ဖျောင်းဖျရသည်။

အားလုံးစိတ်ပူထားသလိုပင် မောင်သူရိန်ထွန်းကလေး သက်သာလာသည်နှင့် မွန်မွန်ဦး ဖျားလေတော့သည်။

မွန်မွန်ဦး၏အဖျားမှာ ဆေးတစ်မျိုးပြီး တစ်မျိုး ပြောင်းပေးနေရသည့်ကြားထဲက

သိပ်မကောင်းဘူး"

"... ... ကြားပြီလား"

"မကြားသေးဘူး၊ လုံးနေတယ်"

"ကိုကို ... ကိုကို"

"အေး ... ပြော"

"ရန်ကုန်သွားရမယ်တဲ့၊ လာမယ့် တနင်္ဂနွေကို သွား ..."

"ဘာပြောတယ်"

"ပါရဂူဆီသွားရမယ်၊ လာမယ့်တနင်္ဂနွေ။ ဒီက ရထားစီစဉ်ပြီးပို့ပေးမှာ၊ကြားလား"

"ကြားပြီ၊ စိတ်ပူရလား"

"လူတော့ လန်းတယ်၊ အဖျားမကျ ..."

"ဘာပြောတယ်"

"... ... ကိုကို လိုက်လာလို့ ရမလား"

"သိပ်တော့ မလွယ်ဘူးဟ၊ တစ်ရက် နှစ်ရက်ဆိုရင်တော့ ရမယ်။ နင် လိုက်သွား နင့် အားမငယ်နဲ့လို့၊ ငါ တစ်ရက် နှစ်ရက် လောက်ဆို လိုက်လာမယ်လို့"

"ရပြီ ... ကိုကို"

"သစ္စာ ... ဂရုစိုက်လိုက်ပါဟာ"

"စိတ် ... ...၊ ကျောင်းကို ခွင့် ... ..."

"အေး ... အေး စိတ်ချ၊ ဒါပဲ ဒါပဲ"

"ဟုတ်"

(၂၇)

အရေးကြီးစစ်ဆင်ရေး အစည်းအဝေးများနှင့် ဇနီးကို စိတ်ပူသည့် သောကကြား ထဲတွင် ဗိုလ်ကြီးမြတ်ထွန်း ရှုးမတတ် ခံစားနေရသည်။

မွန်မွန်ဦးတို့ ရထား ရန်ကုန်ဆင်းသည့် နေ့တွင်တော့ ဗိုလ်မှူးမျိုးဇော် အတင်း လွှတ်သဖြင့် သထုံဘူတာသို့ ဗိုလ်ကြီးမြတ်ထွန်း ရောက်ခဲ့သည်။ ရထား ငါးမိနစ်ခန့် အရပ်တွင် မွန်မွန်ဦးကို စောင့်တွေ့၍ အားပေးသည်။

"မွန်မွန် ... ဘာမှအားမငယ်နဲ့နော်၊ ကိုကိုနှစ်ရက်ဆိုရင်လိုက်လာခဲ့မယ်၊ကြားလား"

ရထားတွဲပြတင်းပေါက်ပေါ်တင်ထားသော မွန်မွန်၏လက်ကလေးကိုဆုပ်ကိုင်၍ အားပေးတော့ မျက်ရည်ဝဲနေသော မျက်လုံးကလေးများ ပုတ်ခတ်ပုတ်ခတ်လုပ်၍

နံပါတ်တစ်အချက်ဖြစ်သည့် မှောင်ခိုကုန်သည်မလှလှကလေးတွေနှင့် တွဲသွားတွဲလာကိစ္စကတော့ ဗိုလ်မှူးမျိုးဇော်၏ ခန့်မှန်းချက် ဒက်ထိမှန်ခဲ့လေသည်။

"ဂျိန်းစဘွန်းက မလွယ်ဘူးကွ၊ တစ်မြို့လုံး စီးထားတာ"

ဂျိန်းစဘွန်းဆိုတာက ဗိုလ်ကြီးမြတ်ထွန်းကို မလိုသူတွေက ကောင်မလေးတွေနှင့် တွဲသွားတွဲလာလုပ်တတ်တာကို ဂျိန်းစဘွန်းရုပ်ရှင်ထဲက ဂျိန်းစဘွန်းမိန်းမလှကလေးတွေ ထည့်လဲတွဲတာနှင့် နိုင်းနှိုင်း၍ ကွယ်ရာမှာခေါ်ကြသော နာမည်ဖြစ်သည်။

မှတ်ချက်ချသူက အရပ်ဘက်က နယ်စပ်တာဝန်ခံ ဝန်ထမ်းတစ်ဦးဖြစ်သည်။ အခြားအဆင့် ဝန်ထမ်းဖြစ်သော်လည်း နယ်စပ်ဖြစ်နေခြင်းနှင့် သူ့လုပ်ငန်း သဘောသဘာဝအရ မြို့တွင်းအရေးပါသူတစ်ဦး ဖြစ်နေသည်။

အဲသည်လူနှင့် ဗိုလ်ကြီးမြတ်ထွန်းကလည်း ဗိုလ်မှူးမျိုးဇော်မှာလိုက်သော နံပါတ်နှစ်အချက်နှင့် မကြာခဏ ငြိမလိုဖြစ်နေကြ၍ သိပ်အစာမကျေချင်။

တစ်ရက်မှာတော့ ပတ်ဝန်းကျင်နယ်မြေအတွင်းမှာ လုံခြုံရေးဆောင်ရွက်နေရင်းက ဒဏ်ရာရလာသော ရဲဘော်တချို့ကို ပြန်ပို့ဖို့ လေယာဉ်လက်မှတ် မလုံလောက်တာကစ၍ ပြဿနာဖြစ်ကြသည်။

ပို့ရမည့်ရဲဘော်က နည်းနည်းများသဖြင့် ဗိုလ်ကြီးမြတ်ထွန်းက သူပေးနိုင်ခွင့်ရှိသည့် လက်မှတ်စောင်ရေအပြင် မြို့နယ်ကောင်စီကခွဲတမ်းကိုပါ သွားတောင်းသည်။ ဟိုကလည်း ပေးလိုက်သည်။ ဒါတောင် မလောက်သေးတော့ အဲသည်လူကိုင်ထားသည့် လက်မှတ်ကိုပါ သွားတောင်းသည်။ ထိုလူက သူ့ခရီးသည်တွေလည်း အရေးကြီး ကိစ္စ ရှိ၍ ဖယ်မပေးနိုင်ဟု ငြင်းတော့ သူ့ရဲဘော်တွေကိုသူ စိတ်ပူစိတ်ဖြင့် ဗိုလ်ကြီးမြတ်ထွန်း ပေါက်ကွဲသည်။

သူနှင့်စာလျှင် အသက်အနည်းငယ်ကြီး သော်လည်း ရာထူးအဆင့် အများကြီး ငယ်သည့် အဲသည်လူကို လေဆိပ်ထဲမှာပင် တော်တော်ပြင်းထန်သော စကားများဖြင့် အော်ဟစ် ငေါက်ငမ်းခဲ့သည်။

အကင်းပါးသော ထိုလူက လက်မှတ်တွေကို ထုတ်ပေးလိုက်သည်။ သို့သော် ဗိုလ်ကြီးမြတ်ထွန်း၏ ခြေလှမ်းများကိုတော့ ကျားချောင်းသလို ချောင်းလေတော့သည်။

ငွေရေးကြေးရေးကိစ္စနှင့်ပတ်သက်၍ ဗိုလ်ကြီးမြတ်ထွန်း ခြေလှမ်းမမှားနိုင်ကြောင်းကို ဗိုလ်ကြီးမြတ်ထွန်း၏ မျိုးရိုးဇာတိအထိ စုံစမ်းသိရှိထားသော ထိုလူက ကောင်းစွာ သဘောပေါက်သည်။

သည်တော့ ဗိုလ်ကြီးမြတ်ထွန်းနှင့် တွဲသွားတွဲလာရှိသော မိန်းကလေးများကို

သို့သော် ဖြောင့်မတ်မှန်ကန်၍အလုပ်ကို လေးစားသူပီပီ သည်ကိစ္စကို ထိန်ချန်ထားဖို့လည်း စိတ်မကူး။ ကိုယ့်တပည့်၏အားနည်းချက်တွေကို သိထားသဖြင့် ဟုတ်ချင်ဟုတ်နေနိုင်သည်ဆိုတာကလည်း ရိပ်မိနေသည်။

ဟုတ်နေလျှင်လည်း သကောင့်သား ရာထူးတက်ဖို့ မမြင်တော့။

ရင်လေးစွာဖြင့်ပင် သက်သေခံအကျဉ်းချုပ် ယူနိုင်းလိုက်ရသည်။

အမှုက မပြတ်ပါ။

ကိုယ့်ဆရာကို အလွန်ချစ်ကြသည့်တပည့်တွေဝိုင်းနေသည့် အရာရှိတစ်ယောက်အတွက် သက်သေခံအချဉ်းချုပ်ယူရတာ မှောင်ထဲမှာ လမ်းလျှောက်နေရသလိုပင်။

ဗိုလ်ကြီးမြတ်ထွန်းက နဂိုကတည်းက ဘဝမှာ ဘာထပ်ဖြစ်ချင်ရမည်ဆိုတာကိုယ့် ကိုယ်ကိုယ် မသေချာတော့သူပီပီ အမှုဖြစ်လာတော့လည်း သိပ်မတုန်လှုပ်ပါ။

ကိုယ့်ဘက်က တာဝန်လစ်ဟင်းမှု၊ ပေါ့လျော့မှုတစ်ခုမှ မရှိခဲ့ကြောင်းကိုသာ နိုင်မာစွာ ထွက်ဆိုခဲ့သည်။

အဲသည့်အချိန်မှာ တိုက်ပွဲဖြစ်သည်။

(၅)

မြို့အစွန်အနည်းငယ်အပြင်ထွက်နေသည့်ရဲစခန်းကိုအရင်တက်အတိုက်ခံရသည်။ ရန်သူအင်အား များလွန်းခြင်းနှင့် လုံးဝထင်မထားချိန်တွင် အလစ်အငိုက်မိသွားခြင်းတို့ကြောင့် ရဲစခန်း ချက်ချင်းကျသွားသည်။

ရဲစခန်းမှ ပစ်သံခတ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်နှင့် ဗိုလ်ကြီးမြတ်ထွန်းနှင့် တပ်စုမှူးအရာရှိများက အကြိမ်ကြိမ် ဇာတ်တိုက်လေ့ကျင့်ထားသည့်အတိုင်း မိမိရဲဘော်များကို နေရာယူနိုင်းလိုက်ကြသည်။

"မဆုတ်တမ်း ခံစစ်ကုန်း"

"ငါ့အသက်သေမှ ဒီနေရာရမယ်"

ဘာလုပ်ရမည်ဆိုတာကို ရှင်းနေအောင် အမိန့်ပေးထားပြီး ဖြစ်သည်။

နေ့မကူးခင်မှာပင် ရန်သူ အကျအဆုံး များစွာနှင့် ပြန်လည်ဆုတ်ခွာသွားရသည်။ ရဲစခန်းကိုလည်း ပြန်သိမ်းနိုင်လိုက်သည်။

နယ်စပ်မြို့ကလေးကိုလည်း ရန်သူ လက်ဖျားနှင့်တောင် မတို့လိုက်နိုင်ခဲ့ပါ။

အရေးကြီး တိုက်ပွဲတစ်ခုကို အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့ပြီး မြို့နေ အရပ်သားပြည်သူလူထု တစ်ဦးတစ်ယောက်မှ မထိခိုက်ရအောင် ကာကွယ်နိုင်ခဲ့သဖြင့် ဗိုလ်ကြီး

သဘောကောင်းဟန်တူသော ထိုအမျိုးသမီးက မောင်သူရိန်ထွန်းကလေးဘေး ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ဝင်ထိုင်သည်။ မောင်သူရိန်ထွန်းကလေးက ပါးစပ်တွင် ဟင်းများပေကျံလျက်က မော့ကြည့်ပြီး ခတ်တည်တည်ပင် သူ့အရုပ်တွေနှင့် သူ ပြန်ကစားနေသည်။

"ဟယ် ... ထမင်းကျွေးနေရင်းတန်းလန်းကိုး၊ လုပ်လုပ် ညီမလေး၊ ဘာမှ ကိစ္စ မရှိပါဘူး၊ မမက အောက်ထပ်က ဗိုလ်မှူးအောင်သိန်းဇနီးပါ။ အိမ်နီးချင်းအသစ်ကို လာမိတ်ဆက်ရင်း ဘာများလုပ်ပေးရဦးမလဲလို့ လာမေးတာ"

မသစ္စာ စကားစဟန်ပြင်လိုက်စဉ်မှာ ပဲ ထိုအမျိုးသမီးက သားကိုငုံ့ကြည့်၍ ပြုံးရွှင်စွာ မေးသည်။

"သားသားက လူချောပဲကွဲ့၊ နာမည် ဘယ်လိုခေါ်သလဲသား"

"တူရိန်ထွန်း"

ကလေးက မော့မကြည့်ဘဲ ဖြေ၍ ဆက်ကစားနေတော့ အမျိုးသမီးက သဘော ကျစွာ ရယ်မောသည်။

"သွက်လည်း အသွက်ပဲကွ၊ အမေကိုတူလို့ ချောတာနေမှာ။ မမတို့တောင် ညီမလေးကို အဝေးကနေကြည့်ပြီး ဗိုလ်မှူးကတော်ကလေးကလည်း ချောလိုက်တာ ဆိုပြီး ..."

"မဟုတ်ဘူး မမ ... မဟုတ်ဘူး"

မသစ္စာကမန်းကတန်း လျှာခလုတ်တိုက်မိမတတ်ပြောတော့ဗိုလ်မှူးအောင်သိန်း ကတော် စကားတန်းလန်းနှင့် အိုးတိုးအန်းတန်းဖြစ်သွားသည်။

"ကျွန်မ ... ကျွန်မက ဗိုလ်မှူးညီမပါ"

"ဟောတော့ ... ဆောရီးနော်၊ ဆောရီး ညီမလေး။ ကလေးလေးနဲ့ ညီမနဲ့ အန်တီနဲ့ ဆိုတော့ အားလုံးက အဲသလိုထင်နေကြတာကွဲ့၊ အားနာလိုက်တာကွယ်၊ နို့ ... ကလေး အမေကရော"

"ကလေးက မိတဆိုးကလေးပါ မမ"

"အို ... ဖြစ်ရလေကွယ်"

သည်တော့မှ အခွင့်အရေးရတုန်း မသစ္စာ ဇာတ်စုံခင်းရတော့သည်။

တစ်နည်းတော့လည်း ကောင်းသည်။ အဲသည်နေ့က ပတ်ဝန်းကျင်တစ်ခုလုံးကို သတင်းမှန် ရှင်းပြပြီးသား ဖြစ်သွားလေသည်။

နောက်တစ်နေ့မနက် မသစ္စာဈေးသွားခိုက်တွင် အလုပ်မသွားရသေးသော ဗိုလ်မှူး

မြတ်ထွန်းကို မိခင်ဖြစ်သူက ထိုအဖြစ်အပျက်ကို ပြန်ပြောပြသည်။ သူလည်း အိပ်ခန်းထဲမှ ကြားနေခဲ့ရသည် မဟုတ်ပါလား။

ဗိုလ်မှူးမြတ်ထွန်းက သက်ပြင်းချသည်။

"ဒါကြောင့် ကျွန်တော်အတန်တန် သတိပေးခဲ့သား။ နင် အပျိုကလေးတန်မဲ့နဲ့ ကလေးအမေ အထင်ခံရမယ်လို့။ သူကလည်း သားကို သိပ်ချစ်တော့ ခက်တယ်"

မိခင်ကြီးက တွေဝေစဉ်းစားနေသည်။ ပြောသင့် မပြောသင့် အတော်ကြာအောင် ချိန်ဆနေပြီးမှ ပြောသည်။

"တကယ်တော့ သားရယ်၊ ဖေဖေနဲ့မေမေလည်း တစ်ဝမ်းပဲ ကွဲတာပဲ။ ခုကိစ္စကမင်းနဲ့မသစ္စာကို နေရာချပေးလိုက်ရင် ..."

"တော် ... မေမေ၊ တော်တော်၊ ဒီ စကားမျိုး ဘယ်တော့မှထပ်မပြောနဲ့။ သစ္စာကြားသွားရင် ဘယ်လိုလုပ်မလဲ"

အမှန်မှာတော့ ထိုအချိန်တွင် ဖိနပ်ချွတ်မှာ ရောက်နေပြီဖြစ်သော မသစ္စာကြားလိုက်ပြီးသား ဖြစ်ပါသည်။

(၈)

မသစ္စာ ခွင့်တစ်လစေ့သောရက်သို့ ရောက်လာခဲ့သည်။

မောင်သူရိန်ထွန်းကလေး ကြမ်းပြင်ပေါ်တွင် ဆော့ကစားနေသည်ကို ထမင်းစားပွဲဆီက လှမ်း၍ ငေးမောကြည့်နေရင်း မသစ္စာ မျက်ရည်တွေတွေကျနေသည်။ ကလေးအဘွားဖြစ်သူက စိတ်မကောင်းစွာနှင့် မသစ္စာ၏ပခုံးကလေးကို ဆုပ်ကိုင်အားပေးသည်။

"သမီးရယ်၊ ကျောင်းပြောင်းလျှောက်ပြီး ဒီမှာပဲ နေလိုက်ပါတော့လား"

မသစ္စာက အံကလေးကြိတ်၍ စဉ်းစားနေပြီးမှ ခေါင်းခါသည်။

"မဖြစ်ပါဘူး ဒေါ်လေးရယ်"

"ဘာဖြစ်လို့လဲ"

"ကိုကို့ ညီမအရင်းဆိုရင် ကျွန်မ နေပါတယ်"

ကလေးအဘွား နှုတ်ဆွံ့သွားပါသည်။

ဗိုလ်မှူးမြတ်ထွန်း အိမ်ပြန်လာခေါ်၍ ဘူတာဆင်းသည့်အခါ ကလေးငိုမည်စိုး၍ အပြင်ခဏသွားသယောင် ထွက်လာသော မသစ္စာကို ကလေးက လက်ကလေးဝှေ့၍ နှုတ်ဆက်လိုက်သေးသည်။

"တီတီ ... မုန့် မုန့်ဝယ်ခဲ့"

နွယ်နီဖေဦးမပြန်ခင်ရက်အနည်းငယ်အလိုဖြစ်နေသည်။ နွယ်နီဖေဦးက ထပ်ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း ဗိုလ်မှူးမြတ်ထွန်းက တကယ့်ကို အလုပ်ရှုပ်နေခဲ့သည်။ ရာထူး အမြင့်ပိုင်းက ဖြစ်ပေါ်နေသော ငွေရေးကြေးရေးဆိုင်ရာ ကိစ္စများပါနေသဖြင့် တစ်ချက်မှ အမှားမခံ။ ခေါင်းပင်ဖော်၍မရ။ လူကြီးပိုင်းက တချို့ဖုန်း ခေါ်လျှင်ပင် မထူးဘဲနေရသည့် အချိန်မို့ နွယ်နီဖေဦး ဆက်သွယ်တာတွေကို ရှောင်လွှဲ၍ရသွားသည်။

နွယ်နီဖေဦး ပြန်သွားပြီး မကြာမီမှာပင် နောက်ထပ် ထူးဆန်းသောတာဝန်တစ်ခု အပေးခံရပြန်သည်။

အဲသည်ထူးဆန်းသောတာဝန်ကိုထမ်းဆောင်ဖို့အတွက် သူ့အရပ်ဝတ်အရပ်စားနှင့် အင်းယားလိတ်ဟိုတယ်သို့ သွားခဲ့ရသည်။

"ဘာများ ကူညီရမလဲရှင်"

ခည့်ကြိုစာရေးမကလေးက ပင်နီရောင် တက်ထရက်တိုက်ပုံ သပ်ရပ်စွာ ဝတ်ထား သော ဗိုလ်မှူးမြတ်ထွန်းကို ယဉ်ကျေးစွာ ဆီးမေးသည်။

"ဩစတေးလျနိုင်ငံက ရောက်နေတဲ့ ဒေါက်တာသယ်လ်မာဒမ်ကမ်ဘီနဲ့ တွေ့ချင် လို့ပါ။ အခန်းအမှတ် ၄၈(အေ)လို့ ပြောပါတယ်"

"အစ်ကို့နာမည်လေး ကျေးဇူးပြုပြီး ကိစ္စရော ပြောလို့ရပါမလားရှင်"

"မြတ်ထွန်းပါ၊ ပါစင်နယ်လို့ပဲ ပြောပေးပါ"

ခည့်ကြိုစာရေးမကလေးက တယ်လီဖုန်းကို ကောက်ယူ၍ တစ်ဖက်သို့ အင်္ဂလိပ် ဘာသာဖြင့် ပြောဖနေပြီး ခဏကြာတော့ ပြန်ချလိုက်သည်။

"ဒေါက်တာက နှစ်မိနစ်လောက် စောင့်ပါတဲ့ ဟိုနားက ဆက်တီမှာ စောင့်လို့ ရပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်"

ဗိုလ်မှူးမြတ်ထွန်း ဆက်တီမှာသွားထိုင်၍ စောင့်သည်။ စောင့်နေရင်းကပင် သူစိတ်လှုပ်ရှားနေ၊ ရင်ခုန်နေတာကို သူ့ကိုယ်သူ အံ့အားသင့်စွာ ပြန်သတိထားမိနေသည်။

ဘဝမှာ ဘာမှဖြစ်လာစရာ မရှိတော့ဘူးဟု ကိုယ့်ကိုယ်ကိုယ် ခံယူထားသူက ကိုယ်နှင့် ဘာမှမဆိုင်သောကိစ္စတစ်ခုအတွက် စိတ်လှုပ်ရှားနေမိသည်မှာ တော်တော် ဆန်းကြယ်လွန်းနေသည် မဟုတ်ပါလား။

"ဦးမြတ်ထွန်းဆိုတာလားရှင်"

ပီသကြည်မြသော မြန်မာစကားသံကြောင့် ကမန်းကတန်း ထရပ်၍ လှည့်ကြည့် မိသည်။

ဖြစ်ခဲ့တယ်ဆိုတာရယ် သိထားတဲ့ မိတ်ဆွေတွေက အန်တီ မြန်မာပြည်ကို သုတေသန အစည်းအဝေးတက်ဖို့ ပြန်မယ်ဆိုတော့ ဖြစ်ပါ့မလားလို့ စိတ်ပူကြတယ်။ ဒီကြားထဲမှာ အန်တီက ဟိုနိုင်ငံသားနဲ့ အိမ်ထောင်ကျပြီး ဟိုနိုင်ငံသား ခံယူထားပြီးပြီ။ နိုင်ငံခြားသား ဖြစ်နေပြီ။ ပုံမှန်အတိုင်းဆိုရင် ရန်ကုန်မှာ အစည်းအဝေးတက်ရင် ရန်ကုန်မှာပဲနေရမယ်။ အဲဒါကို လူမှုရေးကိစ္စကြောင့် ရန်ကုန်နယ်နိမိတ်ကိုကျော်ပြီး ခရီးသွားခွင့်က လျှောက်ထားသေးတယ်။ အဲဒီတော့ ပြောကြတာပေါ့။ အရပ်ဝတ်နဲ့ တိုက်ပုံဝတ်ထားတဲ့ ထောက်လှမ်းရေးက အရာရှိတစ်ယောက်ယောက်တော့ လာတွေ့မှာပဲတဲ့။ တိုက်ပုံအောက်မှာလည်း ပစ္စတို တစ်လက် ပါချင်ပါလာလိမ့်မယ်တဲ့"

ဗိုလ်မှူးမြတ်ထွန်းက ရယ်၍ တိုက်ပုံစနစ်ဖက်ကို လှစ်ပြလိုက်သည်။

"နိုင်ငံခြားက မြန်မာတွေ တစ်ခါတလေ ပိုထင်တတ်ကြပါတယ် အန်တီ။ ကျွန်တော်တို့ အဲသလို ပစ္စတိုတစ်လက်နဲ့ လျှောက်သွားမနေတတ်ကြပါဘူး။ ကျွန်တော် ဗိုလ်မှူးမြတ်ထွန်းပါ။ အန်တီခန့်မှန်းတဲ့ဌာနက ဟုတ်ပေမယ့် ကျွန်တော်လာတွေ့တာတော့ ပါဝင်နယ်ပါ။ အန်တီခွင့်တောင်းတဲ့ သတင်းကိုတော့ ကျွန်မတော့်အထက်အရာရှိတွေက ရလို့ ညှိညှိနှိုင်းနှိုင်းကလေး လုပ်ပေးဖို့ တာဝန်ပေးထားတာတော့ ရှိပါတယ်။ ဒါပေမဲ့ ပါဝင်နယ်ပတ်သက်မှုလည်းရှိလို့ ကျွန်တော့်ကို ဘမင် တာဝန်ပေးလိုက်တာပါ"

ဒေါက်တာ မျက်နုံးတွန့်ခနဲ ဖြစ်သွားသည်။

"တော်တော်ယေတဲ့ ဗိုလ်မှူးမို့ ဗိုလ်ကြီးလို့ထင်မိတာ ဆောရီးနော်။ ပါဝင်နယ် ပတ်သက်မှုဆိုတာက ဘာလဲကွယ်"

ဗိုလ်မှူးမြတ်ထွန်း ပင့်သက်တစ်ချက် ရှိုက်မိသည်။

"အန်တီ့နာမည်က ဒေါက်တာသယ်လ်မာဒပ်ကမ်ဘီဖြစ်နေပြီဆိုပေမယ့်ကျွန်တော့် အတွက်ကတော့ ဒေါ်သဥ္ဇာပါပဲ အန်တီ။ ကျွန်တော်က ဒေါက်တာသူရိန်ရဲ့တူမောင် မြတ်ထွန်းပါ။ အန်တီက ကျွန်မတော့် ညီမလေး မသစ္စာရဲ့အမေ ဒေါ်သဥ္ဇာပါ။ အန်ငေ နယ်ကျော်သွားချင်တယ်ဆိုတာလည်း ညီမလေးကို သွားရှာမှာသိလို့ ကျွန်တော် အ ရန်ကုန်မှာခေါ်ထားပါတယ်။ ကျွန်တော့်အိမ်မှာပါ"

ဒေါက်တာ သယ်လ်မာဒမ်ကမ်ဘီခေါ် ဒေါ်သဥ္ဇာတစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားပါတော့၏။

(၁၂)

တိတ်ဆိတ်ခြင်းက အတန်ကြာအောင်ပင် စိုးမိုးသွားသည်။

နေချင်တာ နေခဲ့တော့ဆိုပြီး စိတ်နာနာနဲ့ ထွက်သွားခဲ့တာပေါ့"

ဒေါက်တာသဥ္ဇာက မလိမသာတုန်လှုပ် သောအသံနှင့် ရှင်းပြနေသည်။လက်နှစ်ဖက်ကိုလည်း ပူး၍ဆုပ်ထားသဖြင့် စိတ်လှုပ်ရှားနေမှန်း သိသာလှ၏။

"ဒေါ်ဒေါ် … သမီးကို တောင်းသေးလား"

ဒေါက်တာသဥ္ဇာ လေးတွဲစွာ ခေါင်းခါသည်။

"မတောင်းခဲ့ပါဘူးကွယ်၊ ဒီအတွက်လည်း သမီးလေး ဒေါ်ဒေါ့်ကို ခွင့်မလွှတ်နိုင်ဖြစ်နေလိမ့်မယ်။ မိခင်မေတ္တာဆိုတာကိုပါ သံသယဝင်နေလိမ့်မယ်လို့ ဒေါ်ဒေါ်နားလည်ပါတယ်"

ပင့်သက်တစ်ချက်ကို ရှိုက်သည်။

"ကိုသူရိန်က ဒေါ်ဒေါ့်ကို ကွဲပေးကွာပေးခဲ့ပေမယ့် သိပ်ချစ်တယ်ဆိုတာ ဒေါ်ဒေါ်သိတယ်။ ကလေးကလား ပြောကြကြေးဆိုရင်တော့ သူက ဒေါ်ဒေါ့်ကို နှစ်ရှည်လများအကြာကြီး တစ်ဖက်သတ်ချစ်ခဲ့ပြီးမှ ဒေါ်ဒေါ် သူ့ကိုလက်ခံခဲ့တာလေ။ ကွဲကြရတဲ့အချိန်ကျတော့ ဒေါ်ဒေါ့်ထက် သူ့စိတ်ပိုခံစားရတယ်"

ဒါကိုတော့ မိုလ်မှူးမြတ်ထွန်း ယုံပါသည်။ သည်ခံစားချက်များက ဦးဦးသူရိန်ကို သေသည်အထိ နှိပ်စက်သွားခဲ့သည် မဟုတ်ပါလား။

"အဲသည်လိုအချိန်မျိုးမှာ သမီးလေး ကိုပါ တောင်းရင် သိပ်ရက်စက်ရာကျမယ်လို့ ဘွားမိခဲ့တာလေ။ ဒါကြောင့် ဒေါ်ဒေါ့်ကိုယ်စား သမီးလေးနဲ့ အလွမ်းဖြေပါစေလို့ တမင်ထားခဲ့တာ။ နောက်ပြီးတော့ ဟိုမှာ အခြေကျပြီးရင် တစ်ခေါက်ပြန်လာမယ်၊ ကိုသူရိန်နဲ့ သမီးကို မရအရ ခေါ်မယ်၊ ငိုယိုပြီး တောင်းပန်ရ၊ တောင်းပန်ရ၊ ခြေသလုံးဖက်ပြီး တောင်းပန်ရ၊ တောင်းပန်ရလို့ စဉ်းစားထားခဲ့တာ"

မိုလ်မှူးမြတ်ထွန်း မျက်မှောင်ကုတ်သည်။ ဒေါက်တာသဥ္ဇာက ဒါကို လှမ်းမြင်ပြီး နားလည်စွာ ပြုံးသည်။

"မောင်မြတ်ထွန်းက မယုံဘူးမဟုတ်လား၊ အေးလေ … ဘယ်ယုံမလဲ၊ ဒေါ်ဒေါ်က ပြန်မှမလာခဲ့ပဲကိုး။ အေး … ပြန်မလာဖြစ်ရတဲ့အကြောင်းက နှစ်ကြောင်းရှိတယ်။ ပထမတစ်ခုက ဒေါ်ဒေါ်တို့ ဟိုရောက်ခါစက တစ်ခါ ပြန်လာမယ်လုပ်တော့ ဒီဘက်က အနေအထားက ပြန်လာလို့ စိတ်မချရဘူးလို့ မိတ်ဆွေတွေကရော၊ ဖေဖေ့လူယုံတွေကရော ဝိုင်းတားခဲ့ကြတာ။ အဲဒါကြောင့် အခြေအနေတွေ တည်ငြိမ်သွားတာကို စောင့်နေတာ။ စောင့်ရင်းနဲ့ ဟိုမှာအလုပ်ဝင်လုပ်ဖြစ်တယ်။ အဲဒီမှာ အစယူထားတဲ့ ယောကျ်ားဒေါက်တာ ဒမ်ကမ်ဘီနဲ့ ဆုံတော့တာပဲ"

ဒေါက်တာသဏ္ဍာ မျက်လွှာချ၍ ရှက်ရွံ့စွာ ဆက်ပြောသည်။

"အင်း … ဒီအရွယ်ကျမှ ဒါမျိုးတွေ ဝန်ခံရမှာ ရှက်စရာတော့ အကောင်းသားကွယ်။ ဒေါ်ဒေါ်နဲ့ အခုယောကျ်ားကိစ္စက နှလုံးသားတွေ၊ ဦးနှောက်တွေ ဘာမှပါတာမျိုး မဟုတ်ဘူး။ နီးစပ်တာ သက်သက်နဲ့ သွေးသားကြောင့် ဖြစ်ကြရတာ။ သူကတော့ဒေါ်ဒေါ်ကို တန်ဖိုးထားရှာပါတယ်။ တွဲနေပြီး လပိုင်းအတွင်းမှာကို လက်ထပ်ခွင့် တောင်းတယ်၊ လက်ထပ်ဖြစ်သွားတယ်၊ သွားရောကွယ် … အဲဒါ နောက်တစ်ကြောင်းပါပဲ။ သမီးကို အဲဒီအချိန်ကျမှ ဘယ်လိုလုပ် လာတောင်းမှာလဲ၊ ကိုသူရိန်ပဲ မွေးပါစေတော့လို့ထားလိုက်မိတာ။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကမှ သထုံဘက်က ဆရာဝန်ကလေးတစ်ယောက် ဩစတြေးလျကို ရောက်လာတော့ မေးကြည့်ရင်း ကိုသူရိန်ဆုံးတာ ကြာလှပြီလို့သိရတာ"

ပြောရင်းကပင် ဒေါက်တာသဏ္ဍာ မျက်ရည်များ လည်လာသည်။

"အဲဒါပါပဲကွယ် … အခုတော့ အမေအရင်း ရှိနေလျက်သားနဲ့ မိဘမဲ့မဖြစ်သင့်ဘဲ ဖြစ်နေရတဲ့ သမီးလေးကို တွေ့ချင်တာကတစ်ကြောင်း သူလိုက်မယ်ဆိုရင်လည်း ခေါ်သွားချင်တာကတစ်ကြောင်းမို့ လာခဲ့တာပဲ"

"ခေါ်သွားချင်တယ် … ဟုတ်လား … ဒေါ်ဒေါ်"

ဒေါက်တာသဏ္ဍာက ပြုံးသည်။

"အင်း … အစိုးရအရာရှိတစ်ယောက် ရှေ့ပြောရတာတော့ အားနာတယ်၊ ဒါပေမဲ့ ဒီမှာအဘက်ဘက်က မဖွံ့ဖြိုးဘဲ ကျန်နေခဲ့ တယ်ဆိုတာတော့ မောင်မြတ်ထွန်းတို့လည်း မသိဘဲ မနေလောက်ပါဘူး။ သမီးက သူ့ အဘိုးအဘွား အရှိန်အဝါရှိခဲ့တာနဲ့ အထိုက်အလျောက် တင့်တင့်တယ်တယ်ရှိမယ်ဆိုတာတော့ ဒေါ်ဒေါ်ခန့်မှန်းမိပါတယ်။ ဟိုမှာနဲ့တော့ ဘယ်တူနိုင်မလဲကွယ်။ သူ့မှာ အရင်း နီးဆုံး ဆွေမျိုးကလည်း သူ့အမေပဲဆိုတော့ သမီးကို ဟိုမှာခေါ်ထားပြီး ပညာဆက်သင်ချင်သင်၊ အလုပ်လုပ်ချင်လုပ်၊ လိုတာအားလုံး လုပ်ပေးချင်တယ်"

ဗိုလ်မှူးမြတ်ထွန်း ဘာပြန်ဖြေရမည် မသိပါ။

(၁၃)

"ကိုကိုရယ်"

မသစ္စာက စိတ်ထိခိုက်ကြေကွဲစွာ ညည်းတွားလေသည်။

"သွေးသားကြောင့်ဖြစ်ရတာ … တဲ့။ ဖေဖေတစ်ယောက်လုံး မြန်မာပြည်မှာ နောက်အိမ်ထောင်မပြု၊ မဇာက်မပြားဘဲ နေခဲ့လျက်သားနဲ့ မိန်းမသားဖြစ်တဲ့ ကျွန်မ

လားကွယ်"

ဒေါက်တာသဉ္ဇာ စကားကို မသစ္စာက အံ့ဩသည့် မျက်နှာနှင့် ဟုတ်ကဲ့ ...ဟု ဖြေပြီး ကလေးကိုခေါ်၍ အိုက်စ်ကရင်ဆိုင်သို့ ထွက်သွားသည်။

ဒေါက်တာသဉ္ဇာက ဗိုလ်မှူးမြတ်ထွန်းကို ပြုံး၍ လှည့်ကြည့်သည်။

"မောင်မြတ်ထွန်းကို သိပ်ကျေးဇူးတင်ပါတယ်ကွယ်"

"မလိုပါဘူး ဒေါ်ဒေါ်၊ ဒါမိသားစုကိစ္စပါ။ ကျွန်တော်နဲ့ သစ္စာက တစ်မိသားစုတည်းပါ"

ဒေါက်တာသဉ္ဇာက မျက်မှန်ကိုချွတ်၍ သုတ်နေရင်းက ဝေ့ဝေ့ဝဲဝဲစဉ်းစားနေသည်။ ပြီးမှ ကိုးတိုးပြောသည်။

"အမှန်တော့ မပြောသင့်သေးဘူး၊ ဒါပေမဲ့ ဒေါ်ဒေါ်ပြောခဲ့မှဖြစ်တော့မယ်။ အချိန်က နောက်ထပ်မရှိနိုင်တော့ဘူးလေ။ မောင်မြတ်ထွန်း ဘယ်လိုမှ မအောက်မေ့နဲ့နော်"

"ပြောပါဒေါ်ဒေါ်"

"သမီးလေးကို ဒေါ်ဒေါ်ခေါ်လို့မရဘူး၊ မလိုက်ချင်ဘူးတဲ့။ ထပ်စဉ်းစားပါဦးလို့တော့ ပြောခဲ့တယ်၊ သူ စိတ်ပြောင်းရင် အချိန်မရွေး ဒေါ်ဒေါ် လာခေါ်နိုင်ပါတယ်"

ဗိုလ်မှူးမြတ်ထွန်း ချိတုံချတုံနှင့် ခေါင်းညိတ်သည်။

"ကျွန်တော်လည်း ပြောပေးပါ့မယ် ဒေါ်ဒေါ်"

ဒေါက်တာသဉ္ဇာက လက်ကာပြသည်။

"မောင်မြတ်ထွန်း သွားမပြောပါနဲ့၊ မောင်မြတ်ထွန်းက ဒေါ်ဒေါ်နဲ့လိုက်သွားဖို့ သွားပြောရင် သမီးကလေး အကြီးအကျယ် စိတ်ထိခိုက်သွားလိမ့်မယ်"

ဗိုလ်မှူးမြတ်ထွန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဒေါက်တာသဉ္ဇာ ပြုံး၍ မျက်မှန်ကို ပြန်တပ်သည်။

"မြန်မာပြည်မှာပဲ နေချင်တယ်တဲ့၊ ဒါပေမဲ့ ဒေါ်ဒေါ်က သူ့အမေလေ။ အတူတူ မနေခဲ့ပေမဲ့ တစ်ပတ်လောက် ရင်းရင်းနှီးနှီးစကားပြောလိုက်တော့ ကိုယ့်သမီးအရင်းရဲ့ ခံစားချက်တွေကို ကိုယ်တိုင်ခံစား ရသလို ခံစားသိနဲ့သိတယ်။ သူ မစွန့်လွှတ်နိုင်တာ မြန်မာပြည်ဆိုတာထက် မောင်မြတ်ထွန်းတို့ သားအဖကိုပဲ"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းငုံ့၍ အံကြိတ်မိသည်။

"သူ့တူကလေးကိုတော့ သူ တော်တော်ချစ်ရှာပါတယ်"

ဒေါက်တာသဉ္ဇာက ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကိုသူရိန်ရဲ့တူအရင်းဖြစ်ပေမယ့် မင်းအကြောင်းကို ဒေါ်ဒေါ်ဘာမှသိပ်မသိဘူး မောင်မြတ်ထွန်း။ မင်းဟာ ကံဆိုးတဲ့ လူကောင်းတစ်ယောက်လည်း ဖြစ်ချင်ဖြစ်နိုင်

ယ်၊ ကံဆိုးလားကံကောင်းလားစိတ်မဝင်စားတတ်တဲ့လူရှုတ်၊ လူပေါတစ်ယောက်လည်း ခဲ့နိုင်တယ်။ မင်းအကြောင်း သိအောင်လုပ်ဖို့ ဒေါ်ဒေါ့မှာ အချိန်မရှိတော့ဘူး။ အရေး ကြီးဆုံး မင်းနဲ့ပတ်သက်တာ ဒေါ် ဒေါ်သိလိုက်ရတာ တစ်ခုတည်းပဲရှိတယ်။ အဲဒါ တော့ ဒေါ်ဒေါ့ရင်သွေး သမီးကလေးဟာ မင်းကြောင့် ဒုက္ခရောက်ရရင်လည်း သူ ကျေနပ်နေမှာပဲ၊ သုခရောက်ရရင်လည်း သူ ကျေနပ်နေမှာပဲဆိုတာကိုပဲ"

ဒေါက်တာသဉ္ဇာ ပင့်သက်ရှိုက်သည်။

"အဲဒီအချက်က ဒေါ်ဒေါ့အတွက် သိပ်အရေးကြီးတယ်။ နှစ်ပေါင်းနှစ်ဆယ်ကျော် သမီးတစ်ယောက်ရဲ့ခံစားချက်တွေ ကို လုံးလုံးလျားလျား လျစ်လျူရှုခဲ့ပြီး တာဝန်မကျေ ခဲ့တဲ့အမေတစ်ယောက်ရဲ့ဘဝကိုနောင်တရနေတဲ့မိန်းမတစ်ယောက်အတွက်အပြုံးပြဲဆုံး သန္တက ကိုယ့်သမီး ကို စိတ်ကျေနပ်နေ၊ စိတ်ချမ်းသာနေတယ်လို့ သေချာချင်တာပဲလေ။ မင်းတို့ကိစ္စ မင်းတို့ ခံစားချက်၊ မင်းတို့ဘဝနင့်ယှဉ် မင်းတို့ ကြိုက်တာဆုံးဖြတ်။ သမီးက ဗိတ်ပြောင်းလို့လိုက်ခဲ့မယ်ဆိုလည်း ဒေါ်ဒေါ် ဝမ်းပန်းတသာ ကြိုနေချင်တယ်၊ ဒီလို မဟုတ်ဘဲ မောင်နှမဆိုပေမယ့် မင်းအဖေနဲ့ မင်းအမေ လိုပဲ တစ်ဝမ်းကွဲဖြစ်နေတဲ့မင်းတို့ နှစ် ယောက် လက်တွဲလိုက်ဖို့ ဆုံးဖြတ်ကြမယ်ဆိုရင်လည်း သမီးရဲ့တစ်ဦးတည်းသော မိဘအနေနဲ့ ဒေါ်ဒေါ်ကြိုပြီး သဘောတူထားကြောင်း သိစေချင်တယ်။ မောင်မြတ်ထွန်း ဘာမှ ပြန်မပြောနဲ့တော့ နောက်မှာ သမီးတို့လာနေကြပြီ"

(၁၅)

ခွင့်ရက်စေ့၍ မသစ္စာ သထုံသို့ပြန်သွားပြီး မကြာမီမှာပင် ဗိုလ်မှူးမြတ်ထွန်း ဘားငယ်ကို သထုံသွားဖို့ရပြန်လေသည်။

ဗိုလ်မှူးမြတ်ထွန်းကိုယ်တိုင် ပါဝင်စုံစမ်းဖော်ထုတ်ခဲ့ရသော ပြဿနာကြီးတစ်ခု၏ နောက်ဆက်တွဲအဖြစ် သူ လက်ရှိတာဝန်ထမ်းဆောင်နေရသောတပ်တွင် အပြောင်းအလဲ များစွာရှိခဲ့သည်။

ဗိုလ်မှူးမြတ်ထွန်းကတော့ တောင်တန်းပြာတို့ဆီ ခြေဦးလှည့်ရပြန်သည်။ သည် တစ်ခါတော့ အလှည့်ကောင်းဟုပင်ဆိုရမည်။ ဒုတိယတပ်ရင်းမှူးရာထူးဖြင့် ပြောင်းရွှေ့ ရခြင်းဆိုတော့ ပခုံးပေါ်မှာ ရာထူးမတိုးသော်လည်း အဆင့်သတ်မှတ်ချက်အရ "ရာထူးတိုး" ဟု ဆိုနိုင်သည်။

ပြီးတော့ သူ သတင်းပို့ရမည့် တပ်ရင်းမှူးက ဒုတိယဗိုလ်မှူးကြီးမျိုးဇော်မို့ ဆရာ အရင်းလည်း ဖြစ်နေပြန်သည်။

တပ်ရင်းသို့ သာတင်းမပို့မီတွင် စွင့်တစ်ပတ်ယူ၍ မိခင်နှင့်သားငယ်ကို သထုံသို့ ပြန်ပို့သည်။ မသစ္စာကတော့ မောင်သူရိန်ထွန်းကလေးနှင့် အတူနေခွင့်ပြန်ရခြင်းအတွက် အလွန်ပျော်ရွှင်နေရှာပါ၏။

ပြန်လည့်မထွက်ခွာမီညကွင်တော့ ထုံးစံအတိုင်း မောင်နှမနှစ်ယောက် လရောင်အောက်က ဝရန်တာလေးမှာ ထိုင်ဖြစ်ကြသည်။ မောင်သူရိန်ထွန်းကလေးကတော့ မသစ္စာရင်ခွင်ကို တိုးဝင်၍ အိပ်ပျော်နေသည်။

ဗိုလ်မှူးမြတ်ထွန်းက ထုံးစံအတိုင်း ဆေးပေါ့လိပ်တစ်တိုနှင့်။

"နင်မလိုက်တာ နင့်အမေ တော်တော် စိတ်မကောင်းဖြစ်သွားတယ် ... သစ္စာ"

မသစ္စာက ခေါင်းငုံ့၍ တိုးတိုးပြန်မေးသည်။

"ကိုကိုက လိုက်သွားစေချင်လို့လား"

ဗိုလ်မှူးမြတ်ထွန်း အကြာကြီး တိတ်ဆိတ်စွာ စဉ်းစားနေသည်။ မသစ္စာ၏ တိုးတက်ရာတိုးကက်ကြောင်းဖြစ်စေချင်သည့် စေတနာ သူ့ရင်မှာအမှန်ရှိ၏။ သို့သော် ကံငါးပါးမှာ နှစ်ပါးသာလုံတော့ သူ့ဂိုပီ သူ့တန်ဖိုးထားသော "မှသာဂါဒ ဝေရာမဏီ သိက္ခာပဒံ"ကလေးကို မြဲချင်သေးသည်။

ထို့ကြောင့် ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်။ လရောင်က မှုန်မှိုင်းလွန်းသဖြင့် မသစ္စာမျက်နှာပေါ်တွင် ဖြတ်ပြေးသွားသော အပြုံးရိပ်ဖွဖွကို သူ မမြင်နိုင်ပါ။

"အမှန်က ကျွန်မ သူ့ကိုမတွေ့ဘဲ ပြန်မလို့"

"နင့် အမေကိုလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

မသစ္စာ မဲ့ပြုံး ပြုံးသည်။

"ကျွန်မပြောပြီးသားပဲ၊ သူ့ကို ခွင့်မလွှတ်ချင်လို့ လို့"

ဗိုလ်မှူးမြတ်ထွန်း မသစ္စာမျက်နှာကို လှည့်ကြည့်သည်။

"ဒါပေမဲ့ နင် ခွင့်လွှတ်လိုက်ကာပဲ မဟုတ်ဘူးလား"

"အဲဒါ သူ့ကိုခွင့်လွှတ်ချင်လို့မှ မဟုတ်တာ၊ ကိုကို့ကို ခွင့်လွှတ်ချင်လို့"

ဗိုလ်မှူးမြတ်ထွန်း မှင်တက်သွားမိပါသည်။

အတန်ကြာအောင်ပင် ဘာပြန်ပြောရမည်မသိ။ ဆေးပေါ့လိပ်ဖွာရန်ပင် မေ့လျော့နေသည်။ ဝရန်တာရှေ့က အမှောင်ရိပ်ထဲကိုသာ ငေးကြည့်နေသည်။

အဲသည့်အမှောင်ရိပ်ထဲမှာ သူသွားရမည့်တောင်တန်းပြာတို့ကိုဝိုးတဝါးမြင်ယောင်

ဖေါ်ချင် ခေါ်ထားဟှာပေါ့။ သွားလိုက် ပြန်လိုက်လုပ်ချင်လည်း လုပ်မှာပေါ့။ ပြီးတော့သူ ပြောင်းသွားလို့ နောက်မိသားစုနဲ့ ဒုတပ်ရင်းမှူးတစ်ယောက်လာလို့ ခင်ဗျားကို ဖယ် နိုင်းရင် ခင်ဗျားကြိုက်မလား"

ဗိုလ်မှူးအောင်ပွင့် မကျေမနပ်နှင့် ငြိမ်သွားသည်။

ဗိုလ်မှူးပြတ်ထွန်းရောက်လာတော့ တပ်ရေးဗိုလ်ကြီး၊ ဗိုလ်ကြီးစိန်ဝင်းနှင့် စစ်ကြောင်း(၂)ယောက်လှမ်းရေးအရာရှိ ဗိုလ်စိုးဦးတို့ သွားကြိုကြသည်။

အသက်အရွယ်ရှိမို့ အဖေလေးပြု ကြိုဆိုသော်လည်း နဂိုကတည်းကမှ သူ့ထက် ငယ်သည်ဟု သိထားသည့်အပြင် ရှိရင်းစွဲအသက်ထက် ပို၍ငယ်ရွယ်ပုံပေါက်နေသော ဗိုလ်မှူးပြတ်ထွန်းကိုမြင်လိုက်တော့ဗိုလ်ကြီးစိန်ဝင်းအောင့်သက်သက်ဖြစ်သွားပါသည်။

ဗိုလ်စိုးဦးကတော့ စစ်ကြောင်း(၂)စစ်ကြောင်းမှူးဖြစ်သည့် ဒုတိယတပ်ရင်းမှူး၏ အနီးကပ်လက်ထောက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ငယ်ရွယ်ဖျတ်လတ်သော ဟန်ပန်နှင့် သူ့စစ်ကြောင်းမှူးကို သူ သဘောကျနေပါသည်။

ပစ္စည်းများချပြီးသည်နှင့် ဗိုလ်မှူးပြတ်ထွန်း တပ်ရင်းမှူးအိမ်သို့ပြေး၍ ဆရာ အရင်း တပ်ရင်းမှူးကို နှုတ်ဆက်သည်။

"မင်း အရက်ပြန်သောက်နေပြန်ပြီဆိုကွ၊ ပြတ်ထွန်း"

"ကျွန်တော် လျှော့တော့ လျှော့ပါတယ်တပ်မှူး"

"ဘယ်လိုလျှော့တာလဲ"

"ကျွန်တော် မနက်ပသောက်တော့ဘူး ခင်ဗျ"

"မင်းသိုးအေ"

တပ်ရင်းမှူးကဆဲတော့ ဘေးက တပ်ရင်းမှူးကတော်ပါ ရယ်မိသည်။

တပ်ရင်းမှူးက ဆရာရင်း၊ တပည့်ရင်း များပီပီ တပ်ရင်း၏ ပကတိအခြေအနေအထား များကို ပွင့်ပွင့်လင်းလင်း ရှင်းပြသည်။

"အဲဒါပဲကွ၊ ဌာနချုပ်တပ်ခွဲမှူးနဲ့ တပ်ရေးက အမှုတွေရှိတယ်။ တက်လမ်းမရှိဘူး မင်းကလည်း စိနီယာဖြစ်နေတယ်။ မင်း သတိနဲ့တော့ ဆက်ဆံဖို့လိုလိမ့်မယ်"

"ဟုတ်ကဲ့"

"ဒါက နောက်တန်းပိုင်း။ အေး...ရှေ့တန်းကလည်း နတလော "ဟော့"နေတယ်၊ မင်းက စစ်တိုက်ရမှာ ကြောက်တဲ့ကောင်မဟုတ်ဘူးဆိုတာတော့ ငါသိပါတယ်။ မင်းနဲ့ တည့်ပေးထားတဲ့ လူငယ်တွေကလည်း မင်းသတင်းတွေ ငါပြောပြထားတော့ တက်ကြွ နေကြတယ်။ မင်းရဲ့အိုင်အိုလုပ်ဖို့ ငါပေးထားတဲ့ ဗိုလ်စိုးဦးဆိုတာ စောစောက မင်းကို

ကြသည်။ ရွာထဲက အရသာရှိရှိ စားစရာတို့ကို စားလိုကြသည်။ ရွာသူတို့နှင့် အာလာပ သလ္လာပ မိတ်ဖွဲ့ချင်ကြသည်။ အဲသည်မှာ သတိလက်လွတ်တွေ ဖြစ်လာနိုင်သည်။ ဒါက ဗိုလ်မှူးမြဝဏ်ထွန်း စိတ်ပူသည့်အပိုင်း။

"ရွာက လျှိုထဲလို ဖြစ်နေတယ်။ ဝုန်း ခနဲ ရန်သူအုပ်ကြီး ဝင်ချလာရင်ခင်ဗျား ပင်းဒေါင်းဖြစ်ပြီး ဂိတ်ဗိသွားမယ်။ ပြောတဲ့အတိုင်းလုပ်ပါ။

ဗိုလ်မှူးစန်းလွင် ခေါင်းသက်သက်နှင့် ငြိမ်သွားသည်။

စခန်းချပြီး များမကြာခင် တပ်ခွဲ(၂)က ပို့လိုက်သော အထုပ်တချို့စစ်ကြောင်း ရုံးသို့ ရောက်လာသည်။

"ဘာတွေလည်းကွ၊ စိုးဦးရ"

"ယိုးဒယားခေါက်ဆွဲခြောက်ထုပ်တွေ ဗိုလ်မှူး၊ ရေနွေးမျောရုံပဲ။ နွေးသွားအောင် တစ်လုပ်လောက် သောက်လိုက်ပါလား"

ဗိုလ်မှူးမြဝဏ်ထွန်းက ရယ်သည်။

"ဝါဟာဝါ အရက်သောက်လည်း နွေးပါတယ်ကွ။ ဟိုမှာ ဖျားနေတဲ့ရဲဘော်တွေ သွားတိုက်လိုက်"

ဗိုလ်စိုးဦး အကွန့်မတက်ရဲတော့။

လပြည့်ညမို့ တောနက်ထဲတွင်လည်း လရောင်က ထိန်ထိန်သာနေသည်။ လေကြမ်းများ ဒလဟောတိုက်ခတ်နေသဖြင့် သစ်ရွက်ပွတ်သံ တရှဲရှဲကို ဆက်တိုက် ကြားနေရသည်။

ည ၁၀ နာရီတွင်ဖတော့ လက်နက်ကြီး ကွဲသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

(၂၀)

ဗိုလ်မှူးစန်းလွင်က ဗိုလ်မှူးမြဝဏ်ထွန်း၏ ညွှန်ကြားချက်ကို မလိုက်နာခဲ့ပါ။

ဖျော်ပျော်ပါးလာတွေး၍ ရွာထဲသို့ တပ်ခွဲတစ်ခွဲလုံး ဝင်အိပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒါကို အသင့်စောင့်နေသော ရန်သူ့အင်အားသုံးရာခန့်က ရွာကို နစ်ဖက်ညှပ်၍ ဝင်တိုက်ခြင်း ဖြစ်ပါသည်။

ဗိုလ်မှူးမြဝဏ်ထွန်း အခြေအနေကို လေ့လာမိသောအခါ တက်ခေါက်ရုံမှတပါး ဘာမှ မတတ်နိုင်တော့ပါ။ တပ်ခွဲ(၂) ပိတ်မိနေလေပြီ။

စစ်ကြောင်းရုံးနှင့် တပ်ခွဲ(၁)ကို ဦးစီး၍ တရကြမ်း လိုက်ရပါတော့၏။

လက်နက်ကြီး၊ ငယ်သံများ ဆူညံအောင် ပေါ်ထွက်နေသည့် ကြားတွင်

တပ်ရင်းမှူးနှင့် ဗိုလ်မြတ်ထွန်းတို့ စက်ပေါ်မှာ အော်ပြောနေရသည်။

ရန်သူ့အင်အား များသော်လည်း ရအောင်ဆိုင်ထားမည်ဟု ဗိုလ်မှူးမြတ်ထွန်း တင်ပြလိုက်သည်။ မဆိုင်၍လည်း မဖြစ်၊ မိမိတပ်ခွဲတစ်ခွဲက "ပင်းဒေါင်း" မိနေပြီမဟုတ်ပါလား။

စစ်ကူက မိမိတို့တပ်ရင်းနှင့် လဲထားသောတပ်မှ လိုက်လာနေပြီဖြစ်သော်လည်း နေ့ဝက်ခရီးခန့် လျှောက်လာရဦးမည်။ သူတို့မလာမချင်း ဗိုလ်မှူးမြတ်ထွန်းတို့က ဆိုင်ထားရမည်။

ဗိုလ်စိုးဦးကတော့ ပိတ်မိနေသော တပ်တွင် ပါသွားသည့် နောင်တော် ဗိုလ်စောဂျက်ဆင်ကို စိတ်ပူနေသည်။

ဗိုလ်မှူးမြတ်ထွန်းကတော့ တိုက်ပွဲအနေအထားကို သုံးသပ်၍ ရွာ၏မြောက်ဘက်ခြမ်းမှ ဖောက်ထွက်ရန် တပ်ခွဲ(၂)ကို ညွှန်ကြားသည်။ စစ်ကြောင်းရုံးနှင့် တပ်ဖွဲ့ (၁) က ရန်သူ့နောက်ကြောကို တရကြမ်း ပစ်ခတ်၍ ဖိအားပေးထားသည်။

သန်းခေါင်ကျော် နှစ်နာရီခန့်တွင်ပင် တပ်ခွဲ(၂)တွင် ကျဆုံးစစ်သည် ၁၅ ဦးရှိနေပြီ၊ ဖောက်မထွက်နိုင်သေး။ စစ်ကြောင်းရုံးနှင့် တပ်ခွဲ(၁)တွင်လည်း ကျဆုံးသူများ ရှိလာသည်။

အရုဏ်တက်ခန့်တွင် တပ်ခွဲမှူး ဗိုလ်မှူးစန်းလွင် ကျဆုံးသည်။

(၂၁)

နည်းဗျူဟာက ရန်သူ့ဆက်သွယ်ရေးစက်ကို ဖမ်းမိ၍ ဖော်နိုင်သွားသောအခါ ဗိုလ်မှူးမြတ်ထွန်းတို့ တိုက်ပွဲဖြစ်ရာနေရာနှင့် နှစ်မိုင်သာဝေးသော နေရာမှာ အင်အား တစ်ထောင်ခန့်ရှိသော ရန်သူ့တပ်ကြီးတစ်ခု တိုက်ပွဲဖြစ်ရာနေရာသို့ အလုံးအရင်းနှင့် ရွေ့လျားလာကြောင်း သိရှိသွားသည်။

ဗိုလ်မှူးမြတ်ထွန်းကို အခြေအနေသုံးသပ်၍ အမြန်ဆုံးဖောက်ထွက်ရန် ညွှန်ကြားသည်။ ဆက်သွယ်ရေးရဲဘော်မှ အခြေအနေကို ဗိုလ်မှူးမြတ်ထွန်းကို ပျာပျာသလဲ တင်ပြသောအခါ ဗိုလ်မှူးမြတ်ထွန်းမှအပ အားလုံး မျက်စိမျက်နှာ ပျက်သွားကြသည်။

တပ်ခွဲ(၁)တပ်ခွဲမှူးက ဗိုလ်မှူးမြတ် ထွန်းမျက်နှာကို လှည့်ကြည့်သည်။

"ဗိုလ်မှူး၊ ဆုတ်ဖို့ စီမံချက် ..."

"ဆုတ်လို့မရသေးဘူး၊ အောက်မှာ ကျွန်တော်တို့လူတွေ ပိတ်မိနေသေးတယ်။ ဒီကောင်တွေ ကျွန်တော်တို့ကို လာပေါင်းနိုင်ပြီးမှ ဆုတ်မယ်"

ဗိုလ်မှူးမြတ်ထွန်းက လေသံပြတ်နှင့် ဖြေသည်။

"ရန်သူတပ်က ဒီကိုရောက်ဖို့ နာရီဝက်လောက်ပဲလိုမှာဗိုလ်မှူး။ ကျွန်တော်တို့ အရင်ဆုတ်၊ တပ်ခွဲ(၂)ကို ကြိုးစားဖောက်ထွက်ပြီး လိုက်ခဲ့ဖို့မှာရင် ကောင်းမယ်"

ဗိုလ်မှူးမြတ်ထွန်းက တင်းတင်းစေ့ထားသော နှုတ်ခမ်းများဖြင့် တပ်ခွဲ(၁) တပ်ခွဲမှူးကို လှည့်ကြည့်သည်။

"အခု ကျွန်တော်တို့ယူထားတဲ့ တပ်တည်က ဆုတ်လမ်းလည်းကောင်းတယ်၊ အပေါ်စီးလည်းကျတယ်။ ရန်သူတက်လာရင် နာရီနဲ့ချီပြီး ခံထားလို့ရတယ်။ ကျွန်တော်တို့ ပစ်ပေးမထားရင် ခွဲ(၂)ကြေသွားလိမ့်မယ်။ ဆုတ်ချင်ရင် ခင်ဗျားခွဲရုံးနဲ့ တစ်စု ခေါ်ဆုတ်သွား၊ နှစ်စု စစ်ကြောင်းရုံးနဲ့ ထားခဲ့"

တပ်ခွဲ(၁)တပ်ခွဲမှူး ပါးစပ်ပိတ်သွားသည်။

သူ မဆုတ်ပါ။ ဆုံးဖြတ်ချက် ပြတ်သားဍ္ဍ ရဲဘော်ရဲဘက်စိတ် ပြည့်ဝသော စစ်ကြောင်းမှူးနှင့် အတူရင်ပေါင်တန်း တိုက်ပွဲဝင်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

တပ်ခွဲ(၂)တွင် ပါသွားသော ဗိုလ်စောဂျက်ဆင်သည်လည်း ဗိုလ်မှူးမြတ်ထွန်း၏ တပည့်ပီသပါသည်။

တကယ်တမ်းကညက ရွာထဲတွင်ဝင်အိပ်မည်ဟု ဗိုလ်မှူးစန်းလွင် ပြောကတည်းက ဗိုလ်စောဂျက်ဆင် အကြီးအကျယ် စိတ်ပျက်သွားခဲ့ရခြင်းဖြစ်ပါသည်။ ဗိုလ်မှူးမြတ်ထွန်းက ရွာအနေအထားအရ ဝင်အိပ်ဖို့မသင့်ကြောင်း ပြောလိုက်တာကို ဗိုလ်စောဂျက်ဆင် ကောင်းစွာနားလည်သည်။ ဗိုလ်မှူးစန်းလွင် အဲသည်ဆုံးဖြတ်ချက် ချလိုက်တာကို သူ အံ့ဩ၍မဆုံး။

အထက်လူကြီးမို့ ပြောအားမသာသဖြင့် မူလ ဗိုလ်မှူးမြတ်ထွန်း တပ်စွဲရန် အမိန့်ပေးသောနေရာတွင် သူ့တပ်စု စွဲခွင့်ပြုပါရန်သာ ခွင့်တောင်း၍ ရွာပြင်ထွက် တပ်စွဲခဲ့သည်။ ဗိုလ်မှူးစန်းလွင်က ဗိုလ်စောဂျက်ဆင် တပ်စွဲသောနေရာကို တပ်ခွဲ "တပ်တည်" အဖြစ် ဗိုလ်မှူးမြတ်ထွန်းထံ တင်ပြခဲ့သည်။

တိုက်ပွဲစဖြစ်သောအခါတွင် ရွာပြင်တွင် ရောက်ရှိနေသော ဗိုလ်စောဂျက်ဆင် အတွက် ဆုတ်လမ်းသာနေသည်။ သို့သော် မဆုတ်ပါ။

ရွာထဲတွင် ပိတ်မိနေသော ခွဲရုံးနှင့် နှစ်စုကို ပစ်ကူပေး၍ ရန်သူကို ဖိအားပေးနေခဲ့သည်။

အရှက်တကွဲခါစ ဗိုလ်မှူးစန်းလွင်ကျဆုံးပြီး မကြာခင်မှာပင် ဗိုလ်စောဂျက်ဆင်၏ ညာဘက်ပခုံးထဲသို့ ကျည်ဆံ့တောင့် ဝင်သွားခဲ့ပါသည်။

ထိုအချိန်မှာပင် မိမိတပ်ခွဲ ဖောက်ထွက်နိုင်ရေးအတွက် စစ်ကူပစ်ပေးနေသော ဗိုလ်မှူးမြတ်ထွန်း၏စစ်ကြောင်းရုံးနှင့် တပ်ခွဲတစ်တို့ရှိရာသို့ လက်နက်ကြီး ကျည်ဆံများ တဝုန်းဝုန်း ကျလာသဖြင့် ရန်သူတပ်ရင်းကြီးအလွန်နီးကပ်လာပြီကို ဗိုလ်မှူးမြတ်ထွန်းတို့ သတိထား မိလိုက်ကြသည်။

"ဟေး ... တို့လာတယ် ... တို့လာတယ်"

ကိုက် ၂၀၀ ခန့်အကွာမှ အော်သံဟစ်သံများလည်း ကြားရသည်။ ရှေ့တန်း တကယ် ပစ်ခတ်တိုက်ခိုက်နေကြချိန်ဖြစ်၍ စကားဝှက်သုံးမနေတော့။

"ဟေ့ ... တို့အဖွဲ့တွေ ရောက်တာလား"

"ဟုတ်တယ် ဗိုလ်မှူး၊ ဗိုလ်ဂျက် ခေါင်းဆောင်လာတာ။ ခွဲရုံးရော သုံးစုလုံး ပါလာပြီ"

"တော်သေးတာပေါ့ကွာ၊ ဂျက်ရော ဘယ်မှာလဲ"

"သူ ပန်းထိထားတယ် ဗိုလ်မှူး။ ထမ်းစင်ပေါ်တင်တာ မခံလို့ တွဲလာရတယ်။ နောက်မှာ ပါလာပါပြီ"

"ကဲ ... စိုးဦး၊ ဆုတ်ဖို့ စီမံချက်တင်တော့"

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

ဒုဗိုလ်မှူးကြီး မျိုးဇော်မှာ ဆုတ်မိန့်ကို စက်ပေါ်ကိုယ်တိုင်တက်၍စကားဝှက်ဖြင့် ပြောပြီး တပ်ရင်းထောက်လှမ်းရေးအရာရှိကို လှည့်ကြည့်၍ ပြောသည်။

"ငါလချီး၊ ငါ ဆုတ်နိုင်းထားတာ ကြာလှပြီ။ မြတ်ထွန်း ဘာဖြစ်လို့ ဒီလောက် ခံချနေရသလဲ မသိဘူး"

"ခွဲနှစ် ပင်းဒေါင်းမိနေတာကို စောင့်ဆွဲထုတ်နေတာတဲ့ အဘ"

တပ်ရင်းမှူး ပင့်သက်ရှိုက်သည်။

"ငါသိတယ်၊ ငါသိတယ်။ အဲဒီ ကောင်က သူ့ရဲ့ဘော်တစ်ယောက် နောက်မှာ အကျန်ခံတဲ့ကောင်စားမျိုး မဟုတ်ဘူး"

(၂၂)

တရင်းချုပ်လိုက်သောအခါ အဲသည်တိုက်ပွဲတွင် ပေးဆပ်လိုက်ရသည့် အရင်း အနှီးများခဲ့သည်။ ခွဲ(၂)၏နေရာယူ မမှန်ကန်မှုကြောင့် ဖြစ်ရကြောင်း သိသာနေသဖြင့် စုံစမ်းစစ်ဆေးရေးခုံရုံးနှင့်လည်း ဗိုလ်မှူးမြတ်ထွန်း ရင်ဆိုင်ရသည်။

ခုံရုံးတွင် ဖြစ်သမျှပြဿနာအားလုံးကို ဗိုလ်မှူးမြတ်ထွန်းက သူ့မှာတာဝန်ရှိကြောင်း

အိမ်ကြီးမှန်း သိသာနိုင်လောက်သော ခမ်းနားထည်ဝါမှုက သူ့ကို ကြက်သေ သေစေခဲ့ပြန်ပါသည်။

ဧည့်ခန်းထဲတွင် ချိတ်ထားသော လူနှစ်ရပ်စာခန့် အရွယ်ရှိသည့် ရှေးခေတ်မှူးမတ်ဝတ်စုံနှင့် လူကြီးတစ်ဦး၏ပုံတူပန်းချီကားကြီး၊ နံရံတွင်ချိတ်ထားသည့် ဓားအတိုအရှည်အမျိုးမျိုး၊ ဘီရိုပေါ်က စောင်းကောက်ကြီးတို့ကလည်း သည်ရာစုနှစ်အတွင်းကပစ္စည်းတွေမဟုတ်တာ သိသာလှသည်။

အိမ်ကြီး၏ မိုးထားသောအရိပ်ကြောင့် သိမ်ငယ်စိတ်ဝင်လျက်ရှိသော ဗိုလ်စောဂျက်ဆင်တစ်ယောက် ဆရာမကလေး မသစ္စာက အကြင်နာရိပ်သန်းသော အပြုံးကလေးဖြင့် "ဘာမှ အားမနာနဲ့နော် ... ဗိုလ်ကြီး" ဟု ပြောလိုက်သော တဒင်္ဂတွင်တော့ စောစောက အရာအားလုံးကို မေ့သွားခဲ့ပြန်ပါသည်။

ဗိုလ်စောဂျက်ဆင်ပါလာသဖြင့် ခါတိုင်းလို ဝရန်တာတွင် မောင်နှမနှစ်ဦး စကားလက်ဆုံမကျဖြစ်တော့ဘဲ ထမင်းစားပြီးသည်နှင့် စာကြည့်ခန်းတွင်သာ သုံးယောက်သားဝိုင်းဖွဲ့စကားပြောဖြစ်ကြ သည်။ မောင်သူရိန်ထွန်းကလေးကလည်း ကျောင်းစာအုပ်တစ်အုပ်နှင့် အနားမှာ လာထိုင်နေသည်။

မောင်သူရိန်ထွန်းကလေး စာအံနေသည်ကို ဆေးပေါ့လိပ်တစ်လိပ်ဖွာရင်းကပြုံး၍ငေးကြည့်နေသော ဗိုလ်မှူးမြတ်ထွန်းကို လှမ်းကြည့်ရင်းက ဗိုလ်စောဂျက်ဆင်အံ့သြနေသည်။

ဗိုလ်မှူးမြတ်ထွန်းသည် ည အရက် သောက်ဘဲ နေနေတာကို အံ့သြနေမိတာပါ။

"ဗိုလ်ကြီးက ဘယ်မှာ ဒဏ်ရာရတာလဲ"

"ညာဘက် ပခုံးမှာပါ မမ၊ သေနတ် မှန်တာပါ"

ကိုယ့်ထက် အသက်ကြီးကြောင်းကို ကြိုတင်သိထား၍သာ မမ ခေါ်လိုက်ရသည်၊ သည်မျှ နုနယ်ပျိုမျစ်သော မျက်နှာကလေးကို သူ့လို လူကြမ်းကြီးက မမ ခေါ်လိုက်ရတာကို ဗိုလ်စောဂျက်ဆင် အားတုံ့အားနာ ဖြစ်နေမိသေးသည်။

"ခုတော့ ကောင်းနေသားပဲနော်"

"ကောင်းပါတယ် မမ။ ကြွက်သားတွေ တချို့ဆွဲစိချုပ်ထားရတော့ လေ့ကျင့်ခန်းပြန်လုပ်ဖို့ရှိလို့ ဆေးရုံက ပြန်ချိန်းထားတာ။ အဲဒါပြီးရင် တပ်ပြန်မှာပါ"

"အဲဒီတိုက်ပွဲ ကိုကိုရောပါတာပဲလား ... ဟင်"

မသစ္စာက စိတ်ပူသောမျက်နှာကလေး နှင့် ဗိုလ်မှူးမြတ်ထွန်းကို လှည့်မေးသည်၊ ဗိုလ်မှူးမြတ်ထွန်းက ပြုံးရုံသာ ပြုံးနေသဖြင့် ဗိုလ်စောဂျက်ဆင်က ဝင်ဖြေရသည်။

ဗိုလ်မှူးမြတ်ထွန်းက ဒေါက်တာ ဒေါ်သစ္စာရောက်လာသည့် ဇာတ်လမ်းကို အစ အဆုံး ပြောပြသည်။

ဇာတ်လမ်းအဆုံးတွင်တော့ ဗိုလ်မှူးကျော်ကျော်စိုးက ဂူးခနဲ လေမှုတ်ထုတ်သည်။

"ဝတ္ထုတွေထက်တောင် ဆန်းကြယ်သေးသဟေ့။ ကဲ ... ထားပါတော့ အခု သေသေချာချာသိတော့ မင်း ဘယ်လိုဆုံးဖြတ်သလဲ"

ဗိုလ်မှူးမြတ်ထွန်းက ပခုံးတွန့်ပြသည်။

"သူ့အဖေ ဦးဦးသူရိန်ကို ကျွန်တော်က အရမ်းချစ်တော့ ငယ်ငယ်ကတည်းက သူ့ကို ညီမလေးအရင်းလို့ပဲ မြင်နေခဲ့တာ။ သူ့ဘက်ကကျတော့ အဖေသေပြီးကတည်းက ကျွန်တော့်တစ်ယောက်တည်းကို တွယ်တာခဲ့တာ။ ဟိုတုန်းကတည်းက ကျွန်တော် ရွေးသင့်တဲ့သူဟာ သူ့အသင့်လျော်ဆုံးပဲဆိုတာ ကျွန်တော်သိသားပဲ။ သူ့ကို တကယ့် ညီမလေးလိုပဲ သဘောထားခဲ့လို့ မွန်မွန့်ကို ယူခဲ့တာပေါ့"

ဗိုလ်မှူးကျော်ကျော်စိုးက ခေါင်းခါသည်။

"မွန်မွန်က မရှိတော့ဘူးလေကွာ။ မင်းလည်း ဘဝန့်ယှဉ်ပြီး ချစ်တတ်ရမယ့်အရွယ် ရောက်နေပြီ။ သူလည်း စိတ်ပြောင်းသေးဟန် မတူဘူး။ ပြီးတော့ မင်းသားဟာ မိထွေး တစ်ယောက်ရမယ်ဆိုရင် မိထွေးအဖြစ်သင့်ဆုံးသူက မသစ္စာပဲမဟုတ်ဘူးလား"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းခါသည်။

"အဲဒါတော့မပူပါနဲ့။ ကျွန်တော် နောက်အိမ်ထောင်ပြုဖို့တော့ အစီအစဉ်မရှိပါဘူး"

"တော်စမ်းပါ ငရစ်ရယ်။ မင်း နယ်စပ်မြို့တုန်းက အပွင့်တောင် ကံကောင်းလို့ တင်ရတာ ငါမသိဘူးမှတ်နေလား၊ ထိန်းနိုင်တာလည်း မဟုတ်ဘဲနဲ့။ မတော်တဆများ ခပ်လည်လည် မိန်းမတစ်ယောက်နဲ့ ယူလိုက်ရလို့ကတော့ မင်းသားရော၊ မသစ္စာရော ရင်ကျိုးရပြီ"

ဗိုလ်မှူးမြတ်ထွန်း ငြိမ်ကျသွားသည်။

သူ့စကားအရှိုက်ကိုထိသွားပြီဖြစ်ကြောင်း ရိပ်မိလိုက်သော ဗိုလ်မှူးကျော်ကျော်စိုး က ဖိပြောသည်။

"အားလုံးအတွက် အဆင်အပြေဆုံးလမ်းကို ရွေးစမ်းပါ မြတ်ထွန်းရယ်။ မင်း မွန်မွန် ဆုံးပြီးတဲ့နောက် ဘယ်မိန်းကလေးကိုများ မသစ္စာထက်ပိုပြီး သံယောဇဉ် တွယ်နိုင်ဦးမှာမို့လို့လဲ။ ဒီအတိုင်း နေနေတာရော မသစ္စာအပေါ်မှာ တရားတယ်လို့ မင်းထင်နေလို့လား။ မင်းစိတ်က သိပ်ပြတ်ရင်လည်း သူ့ကို သူ့အမေဆီ ပေးလိုက်သွားခိုင်း လိုက်တော့။ အဲသလို သာဖြစ်ခဲ့ရင်လည်း မင်း ခုထက်ပိုသောက်ဦးမှာပဲ မဟုတ်ဘူး။

(၄)

ကလေးနှင့်အတူကျောင်းမှပြန်ရောက်လာသောမသစ္စာကအဖော်ကောင်မလေးကို ဗိုလ်မှူးမြတ်ထွန်း မော်လမြိုင်မှ ပြန်ရောက်မရောက် လှမ်းမေးသည်။

"မရောက်သေးဘူး ... မမ။ သူ့ ဗိုလ်လေးတော့ ရောက်နေပြီ"

"ဟင် ... ဘီးလင်းမှာ ညအိပ်မယ်ဆို"

"ကိစ္စပြီးလို့ နေ့ချင်းပြန်လာတာတဲ့။ ဗိုလ်မှူးကိုမေးနေလို့ မော်လမြိုင်သွားတာ ပြောပြလိုက်တယ်"

"နင် ... ထမင်းရော ကျွေးပြီးပြီလား"

"မနက်စာတော့ လမ်းမှာ စားခဲ့တယ်တဲ့။ ညစာတော့ ဗိုလ်မှူးကိုစောင့်မယ်တဲ့။ ခုတော့ လမ်းလျှောက်ထွက်သွားတယ်"

"သြော်"

မသစ္စာ ရေမိုးချိုးအဝတ်လဲပြီး မောင်သူရိန်ထွန်းကလေး ရေချိုးအပြီးတွင်သနပ်ခါး စောင့်လိမ်းပေးပြီးနောက် အိမ်ရှေ့အုတ် ရေကန်ကလေးဘေးတွင် ကလေးနှင့်အတူ ထိုင်နေစဉ် ဗိုလ်စောဂျက်ဆင် ပြန်ရောက်လာသည်။

"ဗိုလ်ကြီး ညအိပ်မလို့ဆိုပြီး စောပြန်လာပါလား"

ဗိုလ်စောဂျက်ဆင် အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

အမှန်တော့ မိဘတွေက မရှိတော့ပြီမို့ ရွာမှာ ကြာကြာနေစရာလည်း အကြောင်း မရှိပါ။ ပြီးတော့ ဘာရယ်ကြောင့်မသိ။ မသစ္စာကို စတွေ့ပြီးကတည်းက မသစ္စာ မျက်နှာ ကလေးကို အမြဲမြင်ချင်သလို ဖြစ်နေမိသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိ လေသည်။

"ဆေးရုံက နှစ်ပတ်ချိန်းထားတော့ တပ်ပြန်တာနဲ့စာရင် ရွာပြန်တာ နီးတယ်ဆိုပြီးသာ ထွက်လာတာ ... မမရယ်။ မိဘတွေကလည်း မရှိတော့၊ မောင်နှမသားချင်းလည်းဘာမှ မရှိတော့ နှုတ်ဆက်စရာလူလည်း သိပ်မရှိပါဘူး။ အဲဒါနဲ့ ပြန်လာတာ"

မသစ္စာက ပြုံး၍ ကျီစယ်သည်။

"ရည်းစားတွေဘာတွေရော မကျန်ခဲ့ဘူးလား ဗိုလ်ကြီးရဲ့"

ဗိုလ်စောဂျက်ဆင် ရှက်ကိုးရှက်ကန်း ရယ်သည်။

"၁၈ နှစ်သားကတည်းက ရွာကထွက်လာတာ မမရဲ့။ နောက်ပိုင်းလည်း ၁၀ နှစ် လောက်လုံးလုံး ရှေ့တန်းမှာချည်းပဲဆိုတော့ ရည်းစားဆိုတာ ဘယ်လိုဟာမှန်းတောင် မသိဘူး။ ကျွန်တော်ရယ်၊ ဗိုလ်စိုးဦးရယ် တပ်မှာ ညနေဆို ဗိုလ်မှူးအိမ်မှာပဲ သွားသွား

ဆရာတော်က ပြုံးသည်။

"အဲသလိုဖြေကတည်းက မှသာဝါဒလုံတဲ့ပုဂ္ဂိုလ်ဆိုတာ သေချာသွားပြီ။ အဲဒါ အရေးအကြီးဆုံးကွဲ့။ မုသာဝါဒကို ကျူးလွန်တတ်တဲ့သူဟာ ဘယ်ဒုစရိုက်ကိုမဆို ကျူးလွန်ဖို့ ဝန်မလေးဘူးတဲ့။ မင်းမှာ အဲသလောက်အရေးကြီးတဲ့ ကံ လုံနေမှတော့ ကျန်တဲ့ကံတွေ လုံအောင်ဆက်ကြိုးစားပေါ့ ကွ။ ဘာခက်လို့လဲ"

ဗိုလ်မှူးမြတ်ထွန်း လက်အုပ်ချီ၍ ... တပည့်တော် ကြိုးစားပါ့မယ်ဘုရား ... ဟု ဖြေသည်။

"အေး ... အေး ... မင်း လက်နက်ဒဏ်ရာရော ရဖူးသလား"

"တစ်ခါမှ မရဖူးပါဘူး ဘုရား"

"အေး...အေး...မေတ္တာနဲ့နေကွယ်။ ကံကိုလုံအောင်ထိန်း။ ကိုယ်ကျင့်တရားလောက် ကောင်းတဲ့ကျည်ကာအကျီ မရှိဘူးကွဲ့။ မှတ်ထား"

ဗိုလ်မှူးမြတ်ထွန်းက ပြုံးရုံသာ ပြုံးနေသည်။ ဗိုလ်စိုးဦးကတော့ "လက်နက် ဒဏ်ရာ" ဆိုသည့် စကားကြောင့် သူ့ဆရာအတွက် စိတ်များ လေးလံသွားပါသည်။

ကထိန်ပွဲကို ဦးဆောင်ကျင်းပပေးခဲ့ပြီး တရားပွဲတွင် ရေစက်ချပေးခဲ့သူသည် ဘုန်းကြီးများ ပြန်ကြွသွားပြီးနောက် ညဘက် တပ်တွင်းအငြိမ့်ကလေးတစ်ခု ပြုလုပ်ပေးနေစဉ်အတွင်း ပွဲခင်း၌ ကြီးကြပ်ပေးပါရန် ဌာနချုပ်တပ်ခွဲမှူးနှင့် လွှဲထားခဲ့ပြီး အိမ်ပြန်အရက်သောက်နေသည်ကိုသာ သိလျှင် သီလလုံအောင် ဆုံးမသော ဆရာတော် တော်တော်စိတ်ဓာတ်ကျမိပေလိမ့်မည်။

တပည့်ကျော် ဗိုလ်စိုးဦးကတော့ ဆရာသမားကိုယ်တိုင် မကြီးကြပ်သောပွဲလမ်း သဘင်များကို အပြေးအလွှား ဦးဆောင်စီစဉ်ပေးနေခဲ့ပြီး ည ၁၀ နာရီခန့်တွင် အားလုံး ပွဲခင်းထဲရောက်နေပြီး နေသားတကျဖြစ်တော့မှ အစစအရာရာ အဆင်ပြေကြောင်း သတင်းပို့ရန် ဗိုလ်မှူးမြတ်ထွန်းအိမ်သို့ တစ်ဦးတည်းလာခဲ့သည်။

ထုံးစံအတိုင်းပင် တစ်ဝက်ကျိုးနေသောအရက်ပုလင်း၊ မြေပဲလှော်တစ်ပန်းကန်နှင့် ကန်စွန်းရွက်ကြော်တစ်ပန်းကန်ရှေ့တွင် ငြိမ်သက်တိတ်ဆိတ်စွာ ဆေးလိပ်ဖွာနေသော ဗိုလ်မှူးမြတ်ထွန်းကို တွေ့ရသည်။

ခါတိုင်းထက်ပို၍ ထူးခြားတာကတော့ ငါးနှစ်သားခန့်အရွယ် ယောကျာ်းကလေး တစ်ဦးနှင့် နှစ်ယောက်ထိုင် ဒန်းပေါ်တွင် အတူထိုင်နေသော မိန်းမပျိုတစ်ဦး၏ဓာတ်ပုံကို သူ့ရှေ့က အရက်ပုလင်းတွင် မှီ၍ ထောင်ထားခြင်းဖြစ်ပါသည်။

"ဘာထူးလဲ စိုးဦး"

မယ်မယ်ကြီးရှိကတည်းက အမြဲမေးတဲ့ ပုဏ္ဏားကြီးကို ကျောင်းကဆရာမတွေ မေးချင်တယ်ပြောလို့လိုက်ပို့ရင်းက ကျွန်မလည်း ကိုကို့ဇာတာ ယူသွားပြလိုက်တယ်၊ သူရှင်းပြတာတော့ အများကြီးပဲ၊ အရေးကြီးတာက မွေးနေ့မတိုင်ခင် သတိထားပါတဲ့၊လက်နက်ကြောင့် အသက်အန္တရာယ်ဖြစ်တတ်တယ်တဲ့၊ တတ်နိုင်သလောက် မြောက်ဘက်ကို ခရီးမသွားပါနဲ့တဲ့၊

ဥပါဒါန်ကြောင့်တော့ ဥပဒ်မရောက်စေချင်ပါဘူး ကိုကိုရယ်၊ စစ်သား ခရီးမသွားဘဲလည်း နေလို့မရတာ သိပါတယ်၊ ဒိုပြီး သတိထားစေချင်လို့ ပြောတာပါ၊ သူ အဲသလိုဟောလိုက်တော့ ကျွန်မလည်း ရင်တွေပူသွားတာပေါ့၊ ယတြာတွေလည်း ချေပြီးပါပြီ၊ အိပ်မက်ဆိုးတွေ မက်မက်ပြီး ညတိုင်း လန့်လန့်နိုးနေတယ်၊ သားလေးက တောင်ဒီမနက် အိပ်ရာထတော့ တီတီ ညကဘာလို့ငိုတာလဲလို့ မေးသေးတယ်၊

သတိထားပါ ကိုကိုရယ်၊ ကံငါးပါးလည်း ထိန်းပါ၊

ညီမ

သစ္စာ

ဩော် ... ဒါနဲ့ ကိုကို့တပည့် ဗိုလ်စောဂျက်ဆင် ကိုကိုပြန်တဲ့နေ့မှာပဲ ငှက်ဖျားအရမ်းတက်လာလို့ ဆရာကြီးသောင်းတင်ပါခေါ်၊ ဆရာဝန်ခေါ်ပြီး အိမ်မှာ နစ်ရက်လောက်ကုပေးလိုက်ရတယ်၊ အဲဒါ နည်းနည်းအဖျားကျတာနဲ့ အတင်းပြန်သွားတယ်၊ အားနာလို့ထင်ပါရဲ့"

ဗိုလ်စောဦးရင်ထဲတွင် ခဲဆွဲသလို လေးလံသွားပြန်သည်၊

(၇)

သည်တစ်ခေါက် ရှေ့တန်းထွက်လာရသည်မှာ ဗိုလ်မှူးမြတ်ထွန်း ခါတိုင်းလိုမပေါ့ပါး၊ စိတ်များလေးလံလျက်ရှိသည်၊

အဲဒါကလည်း "လက်နက်ဒဏ်ရာရနိုင်ကြောင်း" နိမိတ်ပြဖြစ်စဉ်များကြောင့်မဟုတ်၊ ဗိုလ်စောဂျက်ဆင် ကျန်ရစ်ခဲ့သည့်အတွက် ဖြစ်သည်၊

စစ်ရေး အခြေအနေများကို လေ့လာသုံးသပ်ကြည့်လိုက်လျှင် သည်တစ်ခေါက်ရှေ့တန်းအထွက်မှာ တိုက်ပွဲကြီးများနှင့် ဆုံတွေ့ဖွယ်ရာရှိနေသည်ကို အတွေ့အကြုံရင့် ကျက်သူ တစ်မှုးငယ်တစ်ဦးအနေနှင့် သူတွက်ဆ၍ရသည်၊ အဲသည်လိုအချိန်မျိုးမှာမှ သူက ခေတ္တတပ်ရင်းမှူးအဖြစ် စစ်ကြောင်းနစ်ကြောင်းစလုံးကို ဦးဆောင်နေရသူ

ဖြစ်နေသည်။

ပါလာသောရာဂဏန်းရှိရဲဘော်ရဲဘက်များ၏အသက်အိုးအိမ်သည်လည်းကောင်း၊ ထိုရဲဘော် ရဲဘက်များ၏ စွမ်းဆောင်နိုင်ရည်သည်လည်းကောင်း၊ သူ့အပေါ်တွင် တည်နေမှီနေကြောင်း သူ ကောင်းကောင်းသိထားသည်။

ဗိုလ်စောဂျက်ဆင်လိုမျိုး သတ္တိကောင်း၍စိတ်တည်ငြိမ်စွာ ဆုံးဖြတ်တတ်သည့် ကွန်မင်ဒိုတပ်စုမှူးတစ်ယောက် သည်လို အခြေအနေမျိုးမှာ ပါမလာတာ ဘယ်လောက် နမြောစရာကောင်းလဲ သူ ကောင်းကောင်းသိသည်။

ထို့ထက်ပို၍ကား ဗိုလ်စောဂျက်ဆင်နှင့် မသစ္စာတို့ ယခုအချိန်မှာ ဘယ်လောက် အထိ ရင်းနှီးနေကြပြီလဲဆိုသည့်အတွေးကို သူ့စိတ်ထဲက မဖျောက်ပျက်နိုင်ပြန်။

(၈)

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံတစ်ချက် တည်း ထွက်လာသည်။ ငါးပိကြော် တစ်ပုံ နှင့် ညစာ စားနေသော ဗိုလ်မှူးမြတ်ထွန်းတစ်ယောက် ဖျတ်ခနဲတင်ပျဉ်ခွေထိုင် နေရာမှ မုဆိုးထိုင် ထိုင်ပြီးသားဖြစ်သွားသည်။

ဘေးမှချထားသော သေနတ်ခါးပတ်ကိုလည်း ကောက်ပတ်လိုက်သည်။ သေနတ် ကိုတော့ မထုတ်သေး။ ရန်သူ ဝင်တိုက်တာဆိုလျှင် သေနတ်သံတစ်ချက်နှင့်တော့ ပြီးသွားမှာမဟုတ်ဆိုတာ သူသိသည်။ ပြီးတော့ သူတို့က ရွာထဲမှာ။ ညက မှောင်စပျိုးရုံပဲ ရှိသေးသည်။ ရန်သူဝင်တိုက်နေကျ အနေအထားမျိုးမဟုတ်။

ပြေးသံ၊ လွှားသံ၊ အော်မေးသံ၊ ဖြေသံတွေ ကြားရသည်။ သူ အရက်ထည့်နေကျ စတီးလ်ရေဘူးပြားကလေးကို ဘေးတွင် ပုံထားသော စစ်လွယ်အိတ်ထဲသို့ ထည့်သည်။ ပြီးတော့ ခြေတံရှည်အိမ်တစ်လုံးအောက် မြေကြီးတွင် ထိုင်နေသည်မှ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

ဗိုလ်စိုးဦးက လာအလေးပြု၍ ကင်းစောင့်နေသော ရဲဘော်သေနတ်ကျည်ရှင်းရှင်း ထွက်သွားကြောင်းနှင့် ထိခိုက်သူမရှိကြောင်း သတင်းပို့သည်။

"ခေါ်ခဲ့စမ်း အဲဒီကောင်"

ရဲဘော်သစ်ကလေးတစ်ဦးကို ခေါ်လာကြသည်။ သူ့သေနတ်ကို အကြပ်ကြီး တစ်ဦးက ယူထားတာလည်းတွေ့ရသည်။ အသက်ငယ်ငယ်ရဲဘော်ကလေးကကြောက်၍ တုန်တုန်ရီရီ ဖြစ်နေသည်။

စိတ်မကောင်းစွာ ငေးကြည့်ရင်းက ကိုမြတ်ထွန်း ဆို့နင့်ကြေကွဲနေရပါသည်။

x x x

"က်တရားများ သိပ်ဆန်းကြယ်တာပဲ။ ဗိုလ်မှူးကြီးရယ်၊ ကျွန်တော် ရှေ့တန်းကနေ သူရဘွဲ့ယူဖို့ ပြန်လာတော့ ဂျက် မရှိတော့ဘူး"

"ဘယ်လိုကွ"

"ဆုံးသွားတယ်လေ၊ အနာရင်းပြီး ပိုး ဆိပ်တက်သတဲ့"

"ဟာကွာ"

x x x

အထီးကျန် တစ်ကောင်ကြွက်သမား ဗိုလ်စောဂျက်ဆင်တစ်ယောက် လူ့ဘဝ အတွင်းမှလည်း အထီးကျန်စွာ ထွက်ခွာသွားရရှာပါ၏။

စိတ်ထိနိုက်လှုပ်ရှားဖွယ်ရာဖြစ်ရပ်များ ဆက်တိုက်ကြုံတွေ့လိုက်ရသောမသစ္စာ ကတော့ တရားရိပ်သာတစ်ခုသို့ တစ်လကြာ ဝင်ရောက်သွားခဲ့ပါသည်။

ကိုမြတ်ထွန်း ရှေ့တန်း ပြန်ထွက်ရသည့်အချိန်အထိ မသစ္စာနှင့် မတွေ့ခဲ့ရပါ။

x x x

ဗိုလ်မှူးကြီးမျိုးဇော် သက်ပြင်းချသည်။

"အေးလေ ...ပြီးတာတွေလည်းပြီးပါစေတော့။ ခုတော့ မင်းမသစ္စာကို လက်ထပ် ရုံပဲ ရှိတော့တာပဲမဟုတ်လား"

ကိုမြတ်ထွန်းက ယဲ့ယဲ့ပြုံးသည်။

"စိတ်နာနေမယ်ထင်ပါရဲ့ ဗိုလ်မှူးကြီးရယ်။ ကျွန်တော်လည်း ရှေ့တန်းက ပြန် ရောက်တာ တစ်ပတ်ရှိပြီ၊ သွားဖို့ဟာကို မသွားရဲသေးဘူး။ သွားတော့ သွားမှာပါ"

"ကောင်းတယ်ကွာ၊ အဆင်ပြေအောင် လုပ်။ ငါက ကောင်မလေးလည်း သနား တယ်၊ မင်းလည်း ခြေခြေမြစ်မြစ် တွေ့ချင်ပြီ။ ပြီးတော့ မင်းက တောထဲမှာ အမြဲနေရမှာ မဟုတ်ဘူး။ ဂျီဝမ်းဖြစ်ပြီး မြို့ပေါ် ပြန်လာရဦးမယ့်ကောင်လို့ ငါထင်တယ်"

ကိုမြတ်ထွန်းက ရယ်ကျဲကျဲနှင့် ခေါင်းခါသည်။

"တောထဲမှာ အဆင်ပြေပါတယ် ဗိုလ်မှူးကြီးရယ်၊ မြို့ပေါ် ကျွန်တော်နေရင် ဘာတွေ ဖြစ်တတ်လဲ ဗိုလ်မှူးကြီးလည်း သိတာပဲ။ ခုတလောက ပိုမနေချင်သေးတယ်"

"ဘာဖြစ်လို့လဲ"

ကိုမြတ်ထွန်းက ပခုံးတွန့်ပြသည်။

"စစ်သားလုပ်ပြီး ကိုယ့်လူကြီးတွေ ကိုယ်ပြန်ဝေဖန်ရတာတော့ မကောင်းပါဘူး။

